


# သေနည်းအကောင်းဆုံး ဘယ်ဟာတုံး

ဟောကြားသည့်နေ့
၂၀ – ၁၁ – ၆၀

၂၆၂

ကျေးဇူးတော်ရှင်မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၄၂) မှ ထုတ်နုတ်ပုံနှိပ်ပါသည်။

0273

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# သေနည်းအကောင်းဆုံး
# ဘယ်ဟာတုံး

ဟောကြားသည့်နေ့
([illegible]-၁၉၆၀)

THITSARPARAMI LIBRARY
Date ..........

စာမူခွင့်ပြုချက် အမှတ် - ၁၆၂/၉၉ (၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၂၆၉/၉၉ (၆)

**ထုတ်ဝေသူ** ဦးအောင်ချို (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# သေနည်းအကောင်းဆုံး ဘယ်ဟာတုံး

ဟောကြားသည့်နေ့ (၂၀-၁၁-၆၀)

အရေးကြီးဆုံးအချက် ဘာပါလိမ့်မလဲလို့ မေးလို့ရှိရင် ရှာမှီးခြင်းမလွဲဖို့ဟာ အရေးကြီးဆုံးအချက်ပါပဲ. . . ။

## ရှာမှီးခြင်းလွဲမှာစိုးရိမ်ပါတယ်

ကောင်းပြီ၊ ဒါဖြင့် ရှာမှီးခြင်းဆိုတဲ့ဥစ္စာ ဒကာ ဒကာမတွေ၊ ယခုရတဲ့ပစ္စည်းတွေနဲ့ လှူကြပေးကြကမ်းကြပြီးသကာလ ကိုယ်တတ်အားသရွေ့ လှူကြပေးကြ ကမ်းကြတယ်ဆိုတာ ရှာမှီးတာပဲ. . . (မှန်ပါ့)၊ ဒီမှာ ရှာမှီးမြင်းလွဲမှာ သိပ်စိုးရိမ်ရပါတယ် . . . (မှန်ပါ့)။

လှူကြပေးကြကမ်းကြတာသည် မိမိပစ္စည်းဟာ မိမိတို့ မခင်လို့ စွန့်တာပဲ၊ မစွဲလမ်းလို့ စွန့်တာပဲဆိုတော့ မခင်လို့ စွန့်တာ ဆိုတာက တဏှာမပါတာပါဘဲ. . . (မှန်ပါ့)၊ မစွဲလမ်းလို့ စွန့်တာ ဆိုတာက ဒိဋ္ဌိမပါတာဘဲ. . . (မှန်ပါ့)။

မခင် မစွဲလမ်းလို့ စွန့်တဲ့ အစွန့်သည် ကားလို့ဆိုရင်ဖြင့် တချို့ ဒကာ ဒကာမတွေမှာ ဘယ်လိုဖြစ်နေသတုံးဆိုတော့ သစ္စာသိတဲ့ဉာဏ်မရတော့ ယခုခန္ဓာကြီးက အိုတဲ့ ခန္ဓာကြီးရ ထားတယ်. . . (မှန်ပါ့)၊ နောက်ဘဝလူဖြစ်ရပါလို၏၊ နတ်ဖြစ်ရ ပါလို၏၊ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာဖြစ်ရပါလို၏ ဆိုတော့ ခင်ဗျားတို့ကလည်း ချမ်းသာကလေးတစ်လုံးလောက် ကိုသာ ပဓာနထားပြီးတော့နေတယ်။ နောက်ခန္ဓာသည် ဒုက္ခ သစ္စာလို့ မသိဘူး. . . (မှန်ပါ့)၊ မသိတော့ မိမိတို့ ပေးကမ်း လှူဒါန်းတဲ့ ဒါနကုသိုလ် စေတနာတွေကြောင့် ယခုဘဝမှာပဲ အမိဝမ်းခေါင်းထဲက ထွက်လာကတည်းက ယခု ဒကာ ဒကာမ တွေ အိုနေတယ်ဆိုတာ လူတိုင်းသိပါတယ်. . . (သိပါတယ် ဘုရား)၊ တစ်နေ့တခြား မအိုလား. . . (အိုပါတယ်ဘုရား)။

## နတ်ဖြစ်ရပါလို၏ဗြဟ္မာဖြစ်ရပါလို၏

အဲဒီ အအိုရှိလျက်နဲ့ ဒကာ ဒကာမတွေက ပေးကမ်း လှူဒါန်း၊ နောက်လူဖြစ်ရပါလို၏၊ နတ်ဖြစ်ရပါလို၏၊ ဗြဟ္မာဖြစ်ရ

ပါလို၏ဆိုတော့ လူအို၊ နတ်အို၊ ဗြဟ္မာအိုကို ပြန်ပြီး ဆုတောင်းလိုက်တာနဲ့ တူတယ်. . . (မှန်ပါ့)၊ ဟိုဘဝမှာလဲ အိုရ၊ နာရ၊ သေရဦးမှာကိုး. . . (မှန်ပါ့)။

ဒါဖြင့် ယခု အိုတုန်းလျှတဲ့ဒါနသည် အအိုပြန်ရမယ် ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတွေ ရှာမှီးခြင်း လွဲလို့ပဲ. . . (မှန်ပါ့)။

ဘယ့်နှယ်ဆိုပါ့မယ်. . . (ရှာမှီးခြင်းလွဲလို့ပါဘုရား)။

ဩော်. . . ဒါကြောင့် ဆရာဘုန်းကြီး သတိပေးတာသည် ဘာပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့ အရေးကြီးဆုံးက ရှာမှီးခြင်း မလွဲပါစေနဲ့ဆိုတာကို သတိပေးထားတာပါ. . . (မှန်ပါ့)။

အနာရှိတဲ့အခါကျမှ၊ ဒီဘဝကျမှ အနာတွေမကင်းလို့ နောက်ဘဝကျရင်ဖြင့် အနာကင်းအောင်လို့ လှူလိုက်တော့ ခန္ဓာရှိရင် အနာမကင်းပါဘူး. . . (မှန်ပါ့)။

## အနာရှိလျက်နဲ့

ဒါဖြင့် ဒီဘဝအနာရှိလို့ နောက်ဘဝ အနာကင်းချင်လို့ လှူခဲ့သော် အနာရှိလျက်နဲ့ အနာခန္ဓာလျှောက် ရှာတာပဲ. . . (မှန်ပါ့)၊ မမှားဘူးလား. . . (မှားပါတယ်ဘုရား)။

စဉ်းစားပါ. . . စဉ်းစားပါ ဒကာ ဒကာမတို့၊ ဒါရှာမှီခြင်း လွဲလို့ဆိုရင် ဒကာကြွယ် မှားသေးလား. . . (မမှားပါဘုရား)၊

ယခု ခန္ဓာကြီးသည်ကားလို့ဆိုရင်ဖြင့် မြေကြီးလက်ခတ်မလွဲ သေရမယ်ဆိုတာ လူတိုင်းသိပြီးသားဖြစ်ပါတယ်. . . (မှန်ပါ့)။

ဒီအသေခန္ဓာကြီးနဲ့ပဲ နောက်ဘဝ လူနတ်ခန္ဓာရအောင်၊ ဗြဟ္မာခန္ဓာရအောင်ဆိုပြီးသကာလ လှူကြတန်းကြ ပေးကြကမ်းကြပြန်ပြီဆိုတော့ နောက်လာမည့် ခန္ဓာကလည်း သေဦးမှာပဲ. . . (မှန်ပါ့)၊ မသေပေဘူးလား. . . (မှန်လှပါဘုရား)။

ဒကာသစ် လွဲ-မလွဲ စဉ်းစားစမ်း. . . (လွဲပါတယ်ဘုရား)။

## အဲဒါတွေမရှာကြပါနဲ့

အဲဒါတွေ မရှာကြပါနဲ့ဆိုတဲ့ဥစ္စာသတိပေးတယ်. . . (မှန်လှပါ)၊ ယခု လှူတာတန်းတာပေးတာကမ်းတာသည်ကားလို့ဆိုရင်ဖြင့် အအိုလွတ် အနာလွတ် အသေလွတ်ကို အလိုရှိလို့ လှူပါတယ်, တန်းပါတယ်, ပေးပါတယ်, ကမ်းပါတယ်ဆိုတော့ ရှေ့လာလတ္တံ့ဖြစ်တဲ့ ဒုက္ခသစ္စာကြီး သိပြီးသကာလမှ လှူသောကြောင့် အအိုအနာလွတ်တဲ့ သစ္စဉာဏ်နဲ့ လှူသောကြောင့် (ဝါ) ဝိပဿနာဉာဏ်နဲ့ လှူဒါန်း ပေးကမ်းသောကြောင့် အအိုလွတ်, အနာလွတ်, အသေလွတ်ဖြစ်တဲ့ နိဗ္ဗာန်ရပါတယ် . . . (မှန်ပါ့)။

ဒီလိုဆိုတော့ အအိုရှိလျက်နဲ့ အအိုလွတ်ရာရှာတာ၊ အနာရှိလျက်နဲ့ . . . (အနာလွတ်ရာရှာပါတယ်ဘုရား)၊ အသေရှိလျက်နဲ့ . . (အသေလွတ်ရာရှာပါတယ်ဘုရား)၊ အသေလွတ်ရာရှာတာဆိုတာ ရိုပ်မိပလား. . . (ရိပ်မိပါပြီ)။

ဒကာ ဒကာမတွေကို မျက်လုံးကျယ်ကျယ်နဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောသောကြောင့် ရှာမှီးခြင်း မလွဲပါစေနဲ့လို့ ဆရာဘုန်းကြီး သတိပေးတာလည်း ရှာမှီးတတ်ကြပလား. . . (ရှာမှီးတတ်ပါပြီ)။

## သစ္စာဉာဏ်နဲ့လှူဒါန်းပေးကမ်းပါ

ဘာကလေးလှူလှူ, ဘာကလေးတန်းတန်း, ဘာကလေး ပေးကမ်းကမ်း အအို, အနာ, အသေ, လွတ်ရာကိုသာရောက်ချင်လို့ လှူဒါန်းပေးကမ်းပါ၏. . . (မှန်ပါ)၊ ဆိုတော့ အအို, အနာသိလို့ သူက လွတ်ချင်တာ. . . (မှန်ပါ)၊ အအို, အနာသူသိတာက သစ္စာဉာဏ်. . . (မှန်ပါ)၊ အဲဒီသစ္စာဉာဏ်နဲ့ လှူလိုက်, တန်းလိုက်, ပေးလိုက်ပြီဆိုမှဖြင့် အအို, အနာလွတ်ရာဖြစ်တဲ့ ဝိဝဋ္ဋ ဒါနနိဗ္ဗာန်ကိုသာ ကျေးဇူးပြုတဲ့ ဒါနသီလတွေမဖြစ်ပေဘူးလား . . . (ဖြစ်ပါတယ်)၊ ရှင်းကြပလား. . . (ရှင်းပါပြီ)။

အဲဒီတော့ ရှာမှီးခြင်း မလွဲပါစေနဲ့ဆိုတဲ့ဥစ္စာ ဒကာကြွယ်တို့၊ ဦးလှဖူးတို့ သတိပေးသင့်တယ်. . . (မှန်လှပါ)၊ မပေးသင့်ဘူးလား. . . (ပေးသင့်ပါတယ်ဘုရား)။

အဲဒါ ဆိုင်ရာ ဆိုင်ရာ ဒကာ ဒကာမတွေ ရှာမှီးခြင်းလွဲတဲ့ အလုပ်ကို မလုပ်ပါနဲ့ကွ၊ ရှာမှီးခြင်းမှန်တဲ့ အလုပ်ကို လုပ်ပါဆိုတာကိုလည်း မသိသေးတဲ့ ပုဂ္ဂိုလ်များ သိနားလည်မှုရှိအောင် ကျုပ်တို့ ကူညီရလိမ့်မယ်၊ အားပေးရလိမ့်မယ်ဆိုတဲ့ ဝတ္တရားဟာ သိပြီးသားပုဂ္ဂိုလ်များအပေါ်၌ ရှိပါတယ်. . . (မှန်ပါ့)၊ ကူညီကြရလိမ့်မယ်နော်. . . (မှန်ပါ့)။

အသေရှိလျက်နဲ့ အသေရှာနေတာမြင်လို့ရှိရင် မင်းဟာ မတော်ဘူးကွာ၊ မပြောထိုက်ဘူးလား. . . (ပြောထိုက်ပါတယ်)၊ အနာရှိလျက်နဲ့ အနာရှာနေရင်ကော. . . (မတော်ပါဘုရား)၊ မတော်ဘူးလို့ ပြောထိုက်ပါတယ်. . . (မှန်ပါ့)၊ အသေရှိလျက်နဲ့ အသေရှာနေတော့. . . (မကောင်းပါဘုရား)။

## ဝိပဿနာအုပ်ချုပ်တဲ့ဒါနသီလ

ဒါပြောထိုက်တာကို ကိုယ်ကတော့ သစ္စာသိထားတော့ သူတို့က သစ္စာမသိသေးလို့ ရှာနေတာကို သစ္စဉာဏ်ပေးလိုက်ပြီဆိုမှဖြင့် ဝိပဿနာအုပ်ချုပ်တဲ့ ဒါနသီလဖြစ်သွားတယ်. . . (မှန်ပါ့ဘုရား)။

အဲဒါကြောင့် ကိုယ်လုပ်လည်း ဒီအတိုင်းပဲ ပြင်ဆင်ပြီး လုပ်ကြပါ. . . (မှန်ပါ့)၊ သူတစ်ပါးလုပ်လည်း ပြင်ဆင်လို့ရတဲ့ ပုဂ္ဂိုလ်ဖြစ်ပါမူကား ပြင်ဆင်ပေးကြပါလို့ သတိပေးလိုက်တယ် . . . (မှန်ပါ့ဘုရား)။

မလျှုနဲ့၊ မပေးနဲ့၊ မကမ်းနဲ့၊ မတန်းနဲ့လို့ ဟောတာ မဟုတ်ဘူး. . . (မှန်ပါ့)၊ ရှာမှီးခြင်း တည့်ပါစေဆိုတဲ့ စိတ်ထားနဲ့ ဘုရားက ဟောတော်မူတယ်. . . (မှန်ပါ့)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက လူတွေဟာ အဝိဇ္ဇာတည်းဟူသော အမှောင်ကြီးကျပြီး အလင်းမရကြပြီဆိုမှဖြင့် တောင်းချင်ရာတောင်း၊ ဖြစ်ချင်သလိုဖြစ်၊ ရောက်ချင်သလိုရောက်ပြီသကာလနေမှာ အင်မတန် ကြောက်စရာကောင်းပါတယ်. . . (မှန်ပါ့)၊ မကောင်းဘူးလား. . . (ကောင်းပါတယ်)။

## ဘယ်သေနည်းအကောင်းဆုံးတုံး

ဒါ့ကြောင့် ယနေ့သည် ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလည်း သေခြင်းမှာလဲကွာတဲ့ ဒီဘဝ သေမည့်ပုဂ္ဂိုလ်ချည်းစုနေတဲ့အထဲမှာ ဘယ်သေနည်းအကောင်းဆုံးတုံးဆိုလို့ရှိရင် ဒကာ ဒကာမတို့ ရှင်းရှင်းကလေး မှတ်ထားစမ်းပါ. . . (မှန်ပါ့)၊ လက်ရှိခန္ဓာကို မသာယာ၊ လက်မဲ့ခန္ဓာကို မတောင့်တ၊ ဤသေနည်းအကောင်းဆုံးပဲလို့ ဆုံးဖြတ်ချက်ချပါ. . . (မှန်ပါ့)။

## လက်ရှိခန္ဓာကိုမခင်တွယ်

လက်ရှိခန္ဓာကို မခင်တွယ်၊ လက်မဲ့ခန္ဓာဆိုတဲ့ အနာဂတ်

ဘဝကို မတောင့်တ၊ ဤသေနည်းဟာ အကောင်းဆုံးပဲ . . . (မှန်လှပါဘုရား)။

ဒါ ဉာဏ်နဲ့မှ နားထောင်လို့ဖြစ်ကြပါတယ်. . . (မှန်ပါ့)။

ဒကာ ဒကာမတို့ ဘာနဲ့မှ နားထောင်လို့ ဖြစ်သလဲ . . . (ဉာဏ်နဲ့မှ နားထောင်လို့ဖြစ်ပါတယ်)၊ ဉာဏ်နဲ့ နားထောင်မှ ဖြစ်တယ်ဆိုတာ ပေါ်ကြပလား. . . (ပေါ်လာပါပြီ)။

## လက်မဲ့ခန္ဓာကို မတောင့်တဘဲ သေနည်း

ပြန်ပြီးတော့ တစ်ခေါက် ဘုရားအလိုရှိတာကလေး ပြောစမ်းပါ၊ ဘယ်သေနည်း အကောင်းဆုံးပါလိမ့်. . . (လက်ရှိ ခန္ဓာကို မခင်တွယ်၊ လက်မဲ့ခန္ဓာကို မတောင့်တတဲ့ သေနည်း အကောင်းဆုံးပါဘုရား)။

ဒကာကြွယ် အရိုးစွဲအောင် မှတ်ရမယ်. . . (မှန်ပါ့)၊ လက်ရှိခန္ဓာဘာပါလိမ့်. . . (မခင်တွယ်ရပါ)၊ မခင်တွယ်ဖို့ပဲ၊ လက်မဲ့ခန္ဓာကို . . . (မတောင့်တဖို့ပါ)၊ မတောင့်တရင် ရပါဦး မလား. . . (မရပါဘုရား)။

အဲဒီကဲ့သို့ ဒီဒုက္ခစွန့်ပြီး ဟိုဒုက္ခမရတဲ့သေနည်းဟာ အကောင်းဆုံးပဲ. . . (မှန်လှပါဘုရား)။

## ဒီဒုက္ခပြီး၊ ဟိုဒုက္ခ

ဒီဒုက္ခဆိုတဲ့ဟာက ဒကာ ဒကာမတွေ မိမိခန္ဓာကိုယ်ကြီး အိုဘေးဒုက္ခကြီးကလည်းရှိ၊ နာဘေးဒုက္ခကြီးကကော . . . (ရှိပါတယ်ဘုရား)၊ သေဘေးဒုက္ခလည်း တွေ့ရဦးမယ် . . . (တွေ့ရပါမယ်)၊ မတွေ့ရဘူးလား. . . (တွေ့ရပါတယ်)၊ အဲဒီတော့ ဒီဒုက္ခပြီးရင် နောက်ပဋိသန္ဓေနေမှုဆိုတဲ့ အနာဂတ်ဘဝကို ရလိုက်မယ်ဆိုသဖြင့် ဒီဒုက္ခပြီး၊ ဟိုဒုက္ခရတာပဲ. . . (မှန်ပါ့)၊ ဒီဆင်းရဲကြီးပြီး. . . (ဟိုဆင်းရဲရပါတယ်)။

ဒကာကြွယ်၊ ဒကာသစ်တို့ အင်မတန် အရုပ်ဆိုးတဲ့ ပုဂ္ဂိုလ်မို့ရတာပဲ . . . (မှန်ပါ့)၊ မဆိုထိုက်ကြဘူးလား . . . (ဆိုထိုက်ပါတယ်)။

ဒါ့ကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေသည် ကားလို့ဆိုရင်ဖြင့် လက်ရှိခန္ဓာကို မနှစ်သက် မခင်တွယ်တာဘဲနဲ့ လက်မဲ့ခန္ဓာ မတောင့်တဘဲနဲ့ သေနည်းဟာ အကောင်းဆုံး . . . (မှန်ပါ့ဘုရား)။

## ဘုရားအချီးမွမ်းဆုံးသေနည်း

လက်ရှိခန္ဓာ. . . (မနှစ်သက်)၊ လက်မဲ့ခန္ဓာ . . . (မတောင့်တ)၊ လက်မဲ့ခန္ဓာဆိုတော့ အနာဂတ်ခန္ဓာပေါ့ဗျာ . . . (မှန်ပါ့)၊ အဲဒါ မတောင့်တဘဲနဲ့ သေနည်းဟာဖြင့် ဒကာ ဒကာမ

တို့ ဘုရားအချီးမွမ်းဆုံး၊ ဘုရားအကြိုက်ဆုံးမှတ် . . . (မှန်ပါ့ ဘုရား)၊ သဘောကျပလား . . . (ကျပါပြီ)။

အဲ့ . . . လက်ရှိခန္ဓာမခင်တွယ်၊ လက်မဲ့ခန္ဓာမတောင့်တ ဘဲနဲ့ သေနည်းဟာဖြင့် ဒကာ ဒကာမတွေ ဘုရားအကြိုက်ဆုံး၊ ဘုရားအချီးမွမ်းဆုံး၊ အင်မတန်ကောင်းတဲ့သေနည်းပဲဆိုပြီး ဒီသေနည်းကို မမေ့ပါနဲ့ . . . (မှန်ပါ့ဘုရား)၊ သဘောပါကြပလား . . . (ကျပါပြီ)။

## အကောင်းဆုံးသေနည်း

ကောင်းပြီ၊ ဒါဖြင့်

၁။ နံပါတ်က လက်ရှိခန္ဓာမခင်တွယ်။

၂။ နံပါတ်က လက်မဲ့ခန္ဓာ မတောင့်တ။

ဤသေနည်း ဘာတဲ့ဗျာ. . . (ကောင်းသောသေနည်းပါ ဘုရား)၊ အကောင်းဆုံးပဲဆိုတာ အားလုံးတရားတစ်ပွဲလုံးက မှတ်လိုက်စမ်းပါ . . . (မှန်ပါ့)။

ဒါ အကိုးအကားကလေးလုံလောက်အောင် ဒကာ ဒကာမတွေ ပြောပြရဦးမယ်။ အင်္ဂုတ္တိုရ်ပါဠိတော်မှာ ပရိုဗိဇ်ရဟန်းက ရှင်သာရိပုတ္တရာကိုမေးတယ်။ ရှင်သာရိပုတ္တရာ တပည့်တော်ဟာ တရားလဲတိုတိုနဲ့ မိမိ၊ ရချင်ပါတယ် . . . (မှန်ပါ့)၊ တိုတိုနဲ့ မိတဲ့ တရားကိုပဲ တပည့်တော်နာချင်ပါတယ်၊ ရှည်ရှည်ကြီး

ပြောနေလို့ရှိရင်လဲ နားရှုပ်နေလိမ့်မယ် . . . (မှန်ပါ့)၊ တိုတိုနဲ့ မိတဲ့ တရား ပြောစမ်းပါ၊ တိုတိုနဲ့ မိတဲ့တရားမှာလဲ တပည့်တော် မေးချင်တာက ပရိဗိုဇ်က ဆက်မေးတယ် . . . (မှန်ပါ့)၊ သုခနဲ့ ဒုက္ခကို ရှင်းရှင်းပြောစမ်းပါ။

ဘာမေးပါလိမ့် . . . (သုခနဲ့ ဒုက္ခကို ရှင်းရှင်းပြောစမ်းပါ တဲ့)။

## သုခနဲ့ ဒုက္ခကိုရှင်းရှင်းပြောစမ်းပါ

သုခနဲ့ ဒုက္ခကို ရှင်းရှင်းပြောစမ်းပါလို့ ပရိဗိုဇ်ရဟန်းက မေးတဲ့အခါကျတော့ ရှင်သာရိပုတ္တရာက ဖြေလိုက်တယ်ဗျာ့ ဒကာသစ်တို့၊ ဦးဘအုန်းတို့ မှတ်ပေါ့ဗျာ . . . (မှန်ပါ့)။

၁။ နောင်တစ်ဖန် ပဋိသန္ဓေနေရရင် ဒုက္ခကွတဲ့ . . . (မှန်ပါ့)

၂။ နောင်တစ်ဖန် ပဋိသန္ဓေမနေရရင် . . . (သုခပါ ဘုရား)၊ အဲဒါမှတ်ထားကွဆိုတော့ သုခနဲ့ ဒုက္ခ ဒကာ ဒကာမ တွေ ရှင်းရှင်းကွဲပါပြီလား . . . (ကွဲပါပြီ)။

## နောင်တစ်ဖန်ပဋိသန္ဓေရရင်ဒုက္ခ

နောင်တစ်ဖန် ပဋိသန္ဓေနေရရင် . . . (ဒုက္ခပါ)၊ နောင် တစ်ဖန် ပဋိသန္ဓေမနေရရင် . . . (သုခပါဘုရား)။

ဩော် . . . သုခနဲ့ ဒုက္ခဒါပဲကွာတယ်၊ သို့သော်လဲ ငါအကျယ်ကလေး ပြောပါဦးမယ်၊ သေသေချာချာ မှတ်စမ်းပါဦး ဆိုပြီး နောင်တစ်ဖန် ပဋိသန္ဓေနေရတဲ့ ဒုက္ခဟာကွာတဲ့ ပဋိသန္ဓေ နေမှုရှိတော့ အိုမှုရှိတယ်။ အိုမှုနဲ့ ကြုံနေတုန်းပဲ၊ ဟိုက မျက်စောင်းထိုး၊ ဒီကမျက်စောင်းထိုး၊ အမုန်းခံရတာတွေလည်း မနည်းလှဘူးတဲ့ . . . (မှန်ပါ)၊ လူဖြစ်လာတော့ အမုန်းမခံရဘူးလား . . . (ခံရပါတယ်)။

ဥပမာ ဒကာကြွယ်က အရောင်းအဝယ်စွံနေတယ်။ ဘေးက ပုဂ္ဂိုလ်က အရောင်းအဝယ်မစွံလို့ရှိရင်ဖြင့် မျက်စောင်းထိုးခံကြရတာပဲ. . . (ခံရပါတယ်ဘုရား)၊ ဒကာကြွယ် အိမ်က ကျန်းမာနေတယ်၊ အိမ်နီးချင်းတွေက မကျန်းမာဘူး။ သူတို့ကြည့်စမ်း၊ ကျန်းမာလိုက်တာတို့ဖြင့် မကျန်းမာဘူးဆိုတော့ သူတို့တောင် အထည့်ခံလိုက်ရသေးတယ် . . . (မှန်ပါ)။

ပြီးတော့ကော ဒါတွင် မဟုတ်ဘူးတဲ့။ သူတစ်ပါး မျက်စောင်းထိုးခံရတဲ့ဖြစ်အင်တွင် မကသေးပါဘူးတဲ့၊ ကျင်ကြီးကျင်ငယ်စွန့်ရတဲ့ ဒုက္ခတွေလဲ ပိုလာတယ်၊ ခန္ဓာရရင်လေ . . . (မှန်ပါ)၊ ကျင်ကြီးကျင်ငယ် စွန့်ရတဲ့ ဒုက္ခ၊ ပူပန်ရတဲ့ဒုက္ခ၊ စိုးရိမ်ရတဲ့ ဒုက္ခတွေကော . . . (ပိုလာပါတယ်ဘုရား)၊ ရောဂါဥပဒ် အန္တရာယ် ဒုက္ခတွေကော . . . (ပိုလာပါတယ်)၊ ဒါဟာ နောင်တစ်ဖန် ပဋိသန္ဓေနေရခြင်းကြောင့် ဒုက္ခဖြစ်တာတွေ

. . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီ)။

ဒါတွင် မကသေးပါဘူးတဲ့၊ အမေမှား အဖေမှားနဲ့မွေးလို့ ဒိဋ္ဌိတွေ သင်လွတ်လို့ အပါယ်ရောက်ရတဲ့ ဒုက္ခကော မရှိပေဘူး လား . . . (ရှိပါတယ်ဘုရား)။

## ရှင်သာရိပုတ္တရာ

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ရှင်သာရိ ပုတ္တရာကို ပရိဗိုဇ်ကမေးလို့ သုခနဲ့ ဒုက္ခရှင်းရှင်းပြောစမ်းပါဦး ဆိုတော့ နောင်တစ်ဖန် ပဋိသန္ဓေနေရရင် ဘာတဲ့တုံး . . . (ဒုက္ခ ပါဘုရား)၊ ပဋိသန္ဓေမနေရရင် . . . (သုခပါဘုရား)၊ ကျင်ကြီး ကျင်ငယ်စွန့်ရတဲ့ အလုပ်တွေ၊ အခြားဒုက္ခတွေကော ရှိသေးရဲ့ လား . . . (မရှိပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဘုရားသခင်ကိုယ်တော် မြတ်ကြီး ခုနင်ကဟောတဲ့အချက်နဲ့ ရှင်သာရိပုတ္တရာအခု ပြောလိုက်တဲ့ ထောက်ခံချက်နဲ့ တစ်သားတည်းနေပါတော့တယ် . . . (နေပါတယ်ဘုရား)။

ဘုရားကတော့ဖြင့် ဤခန္ဓာမခင်တွယ်၊ နောက်ခန္ဓာ မတောင့်တတာ အကောင်းဆုံးတဲ့ . . . (မှန်ပါ့)၊ အဲဒီစကားနဲ့ ရှင်သာရိပုတ္တရာကို ပရဗိုဇ်ကမေးလို့ သုခနဲ့ ဒုက္ခကို ရှင်းရှင်း ကလေး ပြောစမ်းပါဆိုတော့ နောင်တစ်ဖန် ပဋိသန္ဓေရရင်

ဘာတဲ့တုံး . . . (ဒုက္ခပါဘုရား)၊ ပဋိသန္ဓေမနေရရင် . . . (သုခပါဘုရား)၊ ဘာထူးသေးသတုံး . . . (မထူးပါဘုရား)။

## ဘုရားဟောတာနဲ့ တစ်ထပ်တည်း

ဩော် . . . ဒါဖြင့် ဒကာကြွယ်ရေ ဘုရားဟောနဲ့ ရှင်သာရိပုတ္တရာဟောတာ တစ်သားတည်း တစ်ထပ်တည်းဆိုတာ သေချာပလား . . . (သေချာပါပြီ)၊ မြတ်စွာဘုရားကလဲ အလုံးစုံအကုန်သိတဲ့ သဗ္ဗညူ၊ ရှင်သာရိပုတ္တရာကလဲ ဘုရားအောက် တစ်ပါးသာရှိတဲ့ ပညာသည်ကြီး . . .၊ ဆိုနိုင်ကြရဲ့လား . . . (ဆိုနိုင်ပါတယ်)။

အဲဒါတွေ သေသေချာချာ စဉ်းစားတော့မှ ဘဝဆုတောင်းတဲ့ ပုဂ္ဂိုလ်များ၏ အရုပ်ဆိုးအကျည်းတန်တာဖြင့် ဒကာကြွယ်ပေါ်သွားပြီ . . . (ပေါ်သွားပါပြီဘုရား)၊ ဦးလှဘူးမပေါ်သေးဘူးလား . . . (ပေါ်ပါပြီဘုရား)။

အဲဒါကြောင့် ဝေးဝေးရှောင်ကြစမ်းပါဆိုတာ ဒကာဒကာမတွေ သတိပေးလိုက်တယ် . . . (မှန်ပါ့)၊ ရှာမှီးခြင်းမလွဲပါစေနဲ့ဆိုတာကော . . . (သတိပေးပါတယ်ဘုရား)။

## ဒီသုံးခုနားလည်သွားပြီ

ကဲ. . . ဒါဖြင့် ဒီနေ့ရှေ့ပိုင်းမှာပဲ ဒကာ ဒကာမတွေ စကားသုံးမျိုးကို ရှင်းအောင်ပြောလိုက်တယ်။

၁။ ရှာမှီးခြင်းမလွဲမှု . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီ)၊

၂။ သေတတ်မှု . . . (မှန်ပါ့)၊

၃။ သုခနဲ့ ဒုက္ခရှင်းမှု . . . (မှန်ပါ့)၊ ဘယ်နှစ်ခု နားလည်သွားပါလိမ့် . . . (သုံးခုနားလည်သွားပါပြီ)။

ကိုင်း . . . ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောလိုက်တယ်၊ ဤခန္ဓာကို မသာယာ၊ နောက်ခန္ဓာကို မတောင့်တရင် သေခြင်းအကောင်းဆုံးတဲ့ . . . (မှန်ပါ့)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဘာတဲ့ . . . (ဤခန္ဓာကို မသာယာ၊ နောက်ခန္ဓာကို မတောင့်တရင် အကောင်းဆုံးပါ)၊ ဤခန္ဓာမခင်တွယ်မှ နောက်ခန္ဓာ မတောင့်တမယ် . . . (မှန်ပါ့)။

## ဝိပဿနာဉာဏ်ပါရင် ခန္ဓာကိုမခင်

ဒါဖြင့် ဤခန္ဓာမခင်တွယ်မှုဆိုတာက ဝိပဿနာဉာဏ် မပါဘဲနဲ့တော့ဖြင့် မည်သူမဆို ခင်နေမှာပဲ . . . (မှန်ပါ့)၊ ဝိပဿနာဉာဏ်ပါရင်တော့ ဤခန္ဓာခင်ပါ့မလား . . . (မခင်ပါဘုရား)။

အေး. . . ဒါကြောင့် ဝိပဿနာဉာဏ်မပါခဲ့ရင် ဒကာဒကာမတို့ နောက်ခန္ဓာတောင့်တလိမ့်မယ်နော် . . . (မှန်ပါ့)။

ဒါ့ကြောင့် ဝိပဿနာဉာဏ်အလုပ်သည် နိဗ္ဗာန်ကို ထုတ်ချောက် ရောက်စေနိုင်တဲ့ မဂ္ဂင်အလုပ်ဖြစ်လေသောကြောင့် ကောယနော ယံ ဘိက္ခဝေ မဂ္ဂေါသတ္တာနံ ဝိသုဒ္ဓိယာ သတ္တဝါကို စင်ကြယ်သွားမယ်တဲ့။ နောက်ဘဝသတ္တဝါမလာနိုင်ဘူး . . . (မှန်ပါ့)၊ သတ္တဝါမှ မရှိဘဲနဲ့ သောကပရိဒေဝ ဒုက္ခဒေါမနဿ လာနိုင်သေးရဲ့လား . . . (မလာနိုင်ပါဘုရား)၊ နိဗ္ဗာန်ကော မျက်မှောက်မပြုဘူးလား . . . (ပြုပါတယ်)။

ဒါဖြင့် ဝိပဿနာမဂ်ဉာဏ်နဲ့ လက်ရှိခန္ဓာကို မခင်တွယ် အောင်ဆိုတဲ့ဥစ္စာ ခန္ဓာကြည့်တတ်မှ မခင်တွယ်ဆိုတာ လာတော့ မယ် . . . (မှန်ပါ့)၊ ခန္ဓာကိုမကြည့်တတ်လို့ရှိရင်ဖြင့် ခင်တွယ် ဆိုတာ လာမှာစိုးရိမ်ရတဲ့အတွက် ဝိပဿနာပြုရလိမ့်မယ် . . . (မှန်ပါ့ဘုရား)၊ ဝိပဿနာ မပြုရပေဘူးလား . . . (ပြုရပါတယ်)။

## ဝိပဿနာပြုကြပါစို့

ကိုင်း . . . ဒကာ ဒကာမတို့ ဝိပဿနာပြုကြပါစို့။ ဒီစကားဟာ ဒကာသစ် ဘယ်ကလာတယ်ဆိုတာ သိပြီနော် . . . (မှန်ပါ့)၊ လက်ရှိခန္ဓာမခင်တွယ်မှ လာလတ္တံ့ခန္ဓာကို မတောင့်တမှာကိုး ဗျ . . . (မှန်ပါ့)၊ အဲဒီတော့ လက်ရှိခန္ဓာကိုယ်မှ အကျိုးအကြောင်းကို ကောင်းကောင်းမသိတဲ့ပုဂ္ဂိုလ်ဟာ ခင်တွယ်မှာပဲ . . . (မှန်ပါ့)၊ လက်ရှိခန္ဓာခင်တွယ်လို့ရှိရင်ဖြင့်

နောက်ခန္ဓာလဲ သူတောင့်တတော့မှာပဲ. . . (မှန်ပါ့)၊ မတောင့်တပေဘူးလား. . . (တောင့်တပါတယ်)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ လက်ရှိခန္ဓာမခင်တွယ်နည်း နိဿရည်းဆိုတာက ဝိပဿနာဉာဏ်နဲ့ ခန္ဓာကိုကြည့်တတ်မှ ဒကာကြွယ်၊ ဦးလှဘူးတို့ ကိုက်မယ်နော် . . . (မှန်ပါ့)၊ အရေးမကြီးဘူးလား . . . (ကြီးပါတယ်ဘုရား)။

## ခန္ဓာကြည့်နည်းနိဿရည်း

ကိုင်း . . . ဒါဖြင့် လက်ရှိ ခန္ဓာကြည့်နည်း နိဿရည်းကို ပြကြပါစို့ . . . (မှန်ပါ့)။

လက်ရှိ ခန္ဓာကြည့်နည်းဆိုတာက အခုတရားနာနေကြတာ ယောက်ျားတွေလား၊ မိန်းမတွေလား၊ ခန္ဓာငါးပါးတွေလား ဆိုတာ အကဲခတ်လိုက်တာပေါ့. . . (မှန်ပါ့)၊ အပြောကတော့ဖြင့် ယောက်ျားနဲ့ မိန်းမပဲပါတာပဲ . . . (မှန်ပါ့)၊ အရှိကဖြင့် ခန္ဓာငါးပါးပဲရှိတယ် . . . (မှန်ပါ့)။

အရှိက ခန္ဓာငါးပါးပဲ ရှိပြီးသကာလနေတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ၌ ခန္ဓာသည်ကားလို့ဆိုရင် တခြားကြောင့် ခန္ဓာမဟုတ်ပါဘူး၊ ခန္ဓာဆိုတာသူများ စားဖို့ ဝါးဖို့ ပေါ်လာတာ ခန္ဓာလို့ ခေါ်ပါတယ် . . . (မှန်ပါ့)။

သူများ စားဖို့ ဝါးဖို့ ပေါ်လာတာ. . . (ခန္ဓာလို့ခေါ်ပါသည်။)

## သူများစားဖို့ ဝါးဖို့ပေါ်လာတာ ခန္ဓာ

ဒါ သေသေချာချာမှတ်ပါ၊ ခင်ဗျားတို့က လူခန္ဓာ, နတ်ခန္ဓာ၊ ဗြဟ္မာခန္ဓာတွေ အသာချိတ်ထားလိုက်စမ်းပါ . . . (မှန်ပါ့)၊ ခန္ဓာ၏ ပင်ကိုသဘောကို ပေါ်လောကြီးပေါ်အောင် စဉ်းစားလိုက်တဲ့အခါကျတော့ ခန္ဓာဆိုတာသူများ စားဖို့ ဝါးဖို့ ပေါ်လာတာ ခန္ဓာလို့ခေါ်၏ . . . (မှန်ပါ့)။

ခန္ဓာဆိုတာ ဘာပါလိမ့် . . . (သူများစားဖို့ ဝါးဖို့ ပေါ်လာတာပါဘုရား)၊ ငါးဆုတောင်းတော့ လူစားဖို့ဖြစ်တာပေါ့ . . . (မှန်ပါ့)၊ နွားဆုတောင်းပြန်တော့ . . . (လူစားဖို့ပါ)၊ သိုးဆု, ဘဲဆု, ကြက်ဆုတောင်းပြန်တော့ . . . (လူစားဖို့ပါ)၊ အဲဒီလိုပဲတဲ့ ဒီဒကာ ဒကာမတွေသည် ခန္ဓာဆုတောင်းတာသည် ဇရာမရဏ တို့၏ စားဖို့ကို ဆုတောင်းပေးတာ . . . (မှန်ပါ့)၊ ရိပ်မိပလား . . . (ရိပ်မိပါပြီ)။

ဘယ်သူတို့၏ စားဖို့ ဝါးဖို့ ဆုတောင်းပေးတာပါလိမ့် . . . (ဇရာမရဏတို့၏ စားဖို့ ဝါးဖို့ ဆုတောင်းပေးတာပါ)၊ ဇရာ မရဏတို့ စားဖို့ ဝါးဖို့ရာ အလုပ်ကို ကျုပ်တို့က ခန္ဓာအဖြစ်နဲ့ ဆုတောင်းပေးတယ် . . . (မှန်ပါ့)။

ဒါဖြင့် ကျုပ်တို့ ခန္ဓာတောင်းတဲ့ ပုဂ္ဂိုလ်သည် ကိုယ့်အကျိုးလား၊ သူများအကျိုးအတွက် လုပ်ပေးနေတာလား . . . (သူများအကျိုးအတွက် လုပ်ပေးနေတာပါ)။

ဒကာကြွယ် ဒါ လူမိုက်မှ လုပ်မှာပေါ့ဗျာ. . . (မှန်ပါ့)၊ လူလိမ္မာဖြင့် ကိုယ့်အကျိုး ကိုယ်လုပ်မှာပေါ့. . . (မှန်ပါ့)၊ သဘောရှင်းကြပလား . . . (ရှင်းပါပြီ)။

## ဇရာမရဏာစားဖို့ဝါးဖို့

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ခန္ဓာအကြောင်းကောင်းကောင်းသိပြီ. . . (သိပါပြီဘုရား)၊ ခန္ဓာသည်ကားလို့ဆိုရင် ပေါ်လာရင် ဘယ်သူစားဖို့ဝါးဖို့ပါလိမ့် . . . (ဇရာမရဏာစားဖို့ဝါးဖို့ပါဘုရား)၊ ဇရာမရဏာတို့၏ စားဖို့ဝါးဖို့ ပေါ်လာတယ်ဆိုတာ သေချာကြပလား . . . (သေချာပါပြီ)။

ဩော် . . . ဒါဖြင့် လူခန္ဓာဖြစ်ရပါလို၏ဆိုရင် ဇရာမရဏာတို့၏ စားဖတ်ဝါးဖတ်အဖြစ်နဲ့ ခန္ဓာပျက်ရပါလို၏. . . (မှန်ပါ့)၊ ဒီအဓိပ္ပါယ်ပဲ မရောက်ဘူးလား . . . (ရောက်ပါတယ်)၊ နတ်ခန္ဓာရရပါလို၏ဆိုရင်ကော . . . (ဇရာမရဏာတို့၏ စားဖတ်ဝါးဖတ်ဖြစ်ရပါလို၏)၊ ဇရာမရဏာတို့၏ စားဖတ်ဝါးဖတ်အဖြစ်နဲ့ ခန္ဓာပျက်ရပါလို၏. . . (မှန်ပါ့)၊ အံမာလေး . . . တောင်းကောင်းမတောင်းကောင်း စဉ်းစားစမ်းပါ . . . (မတောင်းကောင်းပါဘုရား)။

## စဉ်းစားဖို့အချိန်ရောက်လာပြီ

ဒကာကြွယ် ဉာဏ်မပါတဲ့ ပုဂ္ဂိုလ်တွေ ဒီမှာ အင်မတန် စဉ်းစားဖို့ အချိန်ရောက်လာပြီ . . . (မှန်ပါ့ဘုရား)၊ နောက်ဘဝ လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာဖြစ်ရပါလို၏ဆိုတော့ ခန္ဓာဖြစ်ရပါလို၏ လုပ်လိုက်တာ. . . (မှန်ပါ့)၊ ဇရာမရဏတို့၏ စားဖတ်ဝါးဖတ်အဖြစ်နဲ့ ခန္ဓာပျက်ရပါလို၏ဆိုတော့ ကောင်း သေးရဲ့လား . . . (မကောင်းပါဘုရား)၊ ဒါလောက်ရှုးတော့လဲ ဒကာကြွယ်ရေ သစ္စဉာဏ်မရှိရင် အရှူးမပျောက်ဘူးနော် . . . (မှန်ပါ့)။

ကိုင်း. . . ဆရာကောင်း သမားကောင်းနဲ့ တွေ့လို့မှ ဒိဋ္ဌိလေသာရူး, အဝိဇ္ဇာရူး, တဏှာရူး မပျောက်သေးလို့ ရှိရင်ဖြင့် ပျောက်စရာအကြောင်း ဒကာကြွယ် မမြင်တော့ဘူး . . . (မမြင် ပါဘုရား)။

အင်မတန်ဆိုးရွားလွန်းလို့ ဒီဥစ္စာကန့်ကွက်ပါတယ် . . . (မှန်ပါ့)၊ အင်မတန်ဆိုးရွားလွန်းလို့ ကန့်ကွက်တယ်ဆိုတာ ကျေနပ်ကြပလား . . . (ကျေနပ်ပါပြီ)။

ဒါဖြင့် ဘယ်ခန္ဓာဖြစ်ဖြစ် ဇရာမရဏတို့၏ စားဖတ် ဝါးဖတ်ဖြစ်ပြီး ခန္ဓာပျက်ရပါလို၏, သေရပါလို၏ဆိုတဲ့ အဓိပ္ပါယ် ရောက်-မရောက် . . . (ရောက်ပါတယ်ဘုရား)။

## မြေကြီးကြီးပွားရေး

တစ်နည်းအားဖြင့် လူပြည်လာဖြစ်တဲ့အခါ ခန္ဓာဖြစ်ရပါလို၏ ဆုတောင်းလို့ရှိရင်ဖြင့် မြေကြီးထဲ မြှုပ်လိုက်တော့ မြေကြီးဟာ ဒီခန္ဓာအတွက် တိုးမလာဘူးလား . . . (တိုးလာပါတယ်)၊ ဒါဖြင့် လူ့ပြည် လူ့ခန္ဓာဖြစ်ရပါလို၏ဆိုတော့ မြေကြီး ကြီးပွားရေးဖြစ်ရပါလို၏ ကိုယ်ကြီးပွားတာပါရဲ့လား . . . (မပါ,ပါဘုရား)၊ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

ဘယ်သူကြီးပွားပါလိမ့် . . . (မြေကြီး ကြီးပွားပါတယ်)၊ အံမာလေး . . . လူချမ်းသာလဲ မြေကြီးကြီးပွားပြီ ဒကာကြွယ်ရေ . . . (မှန်ပါ့)၊ လူချမ်းသာ ဟုတ်ပါရဲ့လား . . . (မဟုတ်ပါဘုရား)၊ ကြီးပွားတော့ ဘယ်သူကြီးပွားသတုံး . . . (မြေကြီးကြီးပွားပါတယ်)။

မြေကြီး ကြီးပွားတော့ ဒကာ ဒကာမတွေ မြေကြီးက ကျုပ်တို့ကို အတုံ့အလှည့်ပြန်ပြီသကာလ ဘာများလုပ်ပေးသတုံး လို့မေးတော့ ဘာမှ လုပ်ဖော်မရဘူး . . . (မရပါဘုရား)။

ဒို့ကြောင့် မသိမှုတွေ အကုန်ရှောင်ပြီးသကာလ သိမှုတွေ အကုန်ဆောင်ပါ. . . (မှန်ပါ့)၊ မသိမှုဆိုတာ အဝိဇ္ဇာ၊ သိမှုဆိုတာ ဝိဇ္ဇာ. . . (မှန်ပါ့)။

## လက်ရှိခန္ဓာကြည့်ကြပါစို့

ဒါဖြင့် ဒကာ ဒကာမတို့ ခန္ဓာအကြောင်းကို မသိဘဲနဲ့၊ နောက်ခန္ဓာမခင်တွယ်ပါနဲ့ မတောင့်တပါနဲ့ဆိုလို့ ရပ့်မလား . . . (မရပါဘုရား)၊ ဒါဖြင့် လက်ရှိခန္ဓာကြီးကြည့်ကြပါစို့ . . . (မှန်ပါ့)။

လက်ရှိခန္ဓာ ကြည့်ကြပါစို့ဆိုတော့ ဝိပဿနာဉာဏ် စ,တော့တယ် ဒကာ ဒကာမတို့ . . . (မှန်ပါ့)၊ လက်ရှိခန္ဓာကြည့် ဆိုတာ ဝိပဿနာဉာဏ် စ,တာလို့မှတ်လိုက်ပါ. . . (မှန်ပါ့ ဘုရား)။

ကိုင်း . . . အခုတရားပွဲမှာ အားလုံးပဲ တရားနာကြ တယ်။ တရားနာကြတဲ့အခါကျတော့ ဒီခန္ဓာကြီးက တရားတော့ နာနေတာပဲတဲ့။ ဘုန်းကြီးဘက်လှည့်ပြီး တရားနာနေတာပဲ။ ဟိုနေရာက ယားသလိုလို၊ ဒီအာခေါင်က ယားသလိုလို၊ ဒီချောင်းက ဆိုးချင်သလိုလို၊ ဒီဣရိယာပုတ် ဒီနေမှုမှ၊ ဟိုနေမှု ပြောင်းချင်တာတွေကတော့ ခဏ ခဏ မလာဘူးလား. . . (လာပါတယ်)၊ ဩော် . . . ဒါတွေဟာ ဘာတွေပါလိမ့်မတုံးလို့ မေးတော့ဖောက်ပြန်ပျက်စီးနေတာ . . . (မှန်ပါ့)။

ယားတာဟာလဲ ဘာပါလိမ့် . . . (ဖောက်ပြန် ပျက်စီးတာပါ)၊ ဒုက္ခသစ္စာပဲ။

## ဖောက်ပြန်ပျက်စီးနေတာဒုက္ခသစ္စာ

ဖောက်ပြန်ပျက်စီးတာက ဘာသစ္စာ. . . (ဒုက္ခသစ္စာပါဘုရား)၊ လည်ချောင်းကလေးယားပြီး ချောင်းဆိုးတယ် . . . ဘာပါလိမ့် . . . (ဖောက်ပြန်ပျက်စီးတာပါ)၊ ဖောက်ပြန်ပျက်စီးတာ ဘာသစ္စာ . . . (ဒုက္ခသစ္စာပါဘုရား)၊ ရွှေ့ချင် ပြောင်းချင်တာက ဘာသစ္စာ . . . (ဒုက္ခသစ္စာပါ)။

ဩော် . . . နာလွန်း ကျင်လွန်း ကိုက်လွန်း ခဲလွန်းလို့ ပြောင်းချင်တယ်၊ ရွှေ့ချင်တယ်၊ မှီနေရတယ်၊ ဒူးတုပ်နေရတယ်၊ ဝပ်နေရတယ်ဆိုတာ ပင်ကိုဣရိယာပုတ်မှတစ်ပါး ပြောင်းလွဲပြီး သကာလ နေရတာဟာ ပင်ကိုဣရိယာပုတ်မှ ဖောက်ပြန်ပျက်စီးပြီးသကာလ တို့ပြောင်းလွဲကြရတာဆိုရင်လွဲပါ့မလား . . . (မလွဲပါဘုရား)။

## ခန္ဓာ၏အမူအရာတွေ

ဒါဖြင့် ဒကာ ဒကာမတို့ ခန္ဓာကိုယ်ကြီးဟာ အဝတ်တွေခြုံ၊ အစာတွေကျွေး၊ ရေတွေချိုး၊ ဆေးတွေကုပြီး လာခဲ့ငြားသော်လဲ မပြောင်းလွဲဘဲ၊ မဖောက်ပြန်ဘဲနဲ့ တရားပွဲဆုံးကြရဲ့လား . . . (မဆုံးပါဘုရား)၊ သူကမဆုံးဘူးနော် . . . (မှန်ပါ့)၊ ဖောက်ပြန်ပျက်စီးမှု ရပ်စဲနေသေးသလား . . . (မနေပါဘုရား)၊ ဖောက်ပြန်ပျက်စီးမှု ရပ်စဲနေလေ့မရှိတာဟာ ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါ)။

အဲဒီလို ခန္ဓာကိုယ်ထဲမှာ ယားလာလဲ ဒုက္ခသစ္စာ, ယံလာလဲ ဒုက္ခသစ္စာ, အမျိုးမျိုးပြောင်းရင်လဲ ဒုက္ခသစ္စာပဲ၊ ဒကာ ဒကာမတို့ ခန္ဓာ၏ အမူအရာတွေ အကုန်ကြည့် . . . (မှန်ပါ့)၊ ကြည့်လိုက်တော့ ခန္ဓာကြီးက ဘာတွေချည့် ပြောမယ်ထင်သတုံး . . . (ဒုက္ခသစ္စာတွေချည့်ပြောပါတယ်)။

## လူ့ဘဝဆိုတာ ဒုက္ခသစ္စာ

ခန္ဓာက ဒုက္ခသစ္စာချည့် ဦးလှဘူး ပြောသဗျာ. . . (မှန်ပါ့)၊ ဒီလိုခန္ဓာကြည့်တော့ ဝိပဿနာဉာဏ်နဲ့ ဒီကနေပြီး ကြည့်လိုက်တဲ့အခါကျတော့ ဩော် . . . လူ့ဘဝ လူ့ဘဝဆိုတာ ဒုက္ခသစ္စာပါကလား . . . (မှန်ပါ့)။

လူ့ဘဝဆိုတာ . . . (ဒုက္ခသစ္စာပါဘုရား)၊ မပြောင်းဘဲ၊ မရွေ့ဘဲ၊ မယားဘဲ၊ မနာဘဲ၊ မဆာဘဲ၊ မမွတ်ဘဲနေလို့ ရကြရဲ့လား . . . (မရပါဘုရား)၊ ဒါဖောက်ပြန်လာတာပေါ့ . . . (မှန်ပါ့)၊ နဂိုက မဆာဘူး၊ အခုမှ ဆာလာရတယ်၊ ဖောက်ပြန်လာတာ . . . (မှန်ပါ့)၊ နဂိုက ရေမငတ်ဘူး၊ အခုမှ ရေငတ်လာတာ . . . (ဖောက်ပြန်လာတာပါ)၊ နဂိုက ပြောင်းပြီး ထိုင်ပေးတဲ့ဥစ္စာ အခုပြောင်းတဲ့နေရာက မကြိုက်ပြန်ဘူးတဲ့ဆိုတာကော . . . (ဖောက်ပြန်တာပါ)။

## အသစ်ကဖောက်ပြန်အဟောင်းကပျက်စီး

ဖောက်ပြန်တာသည် ဖောက်ပြန်ရုံလား ဒကာသစ်ရေ၊ အရင်ဟာတွေ အကုန်ပျက်စီးတာလား . . . (အရင်ဟာတွေ အကုန်ပျက်စီးတာပါ)၊ ဒါဖြင့် အသစ်က ဖောက်ပြန်၊ အဟောင်းက ပျက်စီး . . . (မှန်ပါ့)။

အသစ်က . . . (ဖောက်ပြန်ပါတယ်)၊ အဟောင်းက . . . (ပျက်စီးပါတယ်)၊ ဒါဖြင့် ဒကာ ဒကာမတို့ ပျက်စီးမှုရယ်၊ ဖောက်ပြန်မှုရယ် ခန္ဓာ၏အလုပ် . . . (မှန်ပါ့)။

ပျက်စီးမှု ဖောက်ပြန်မှုဟာ ဘာပါလိမ့်. . . (ခန္ဓာ၏ အလုပ်ပါဘုရား)။

ခန္ဓာ၏အလုပ်ဟာ တခြားများ ဘာလုပ်သေးသတုံးလို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဉာဏ်နဲ့ကြည့်ဖို့အရေးကြီး တယ် . . . (မှန်ပါ့)၊ တခြားဘာလုပ်သေးသတုံး . . . (ဘာမှ မလုပ်ပါဘုရား)၊ သူ့ထုံးစံက ဘာပါလိမ့် မတုံးဆိုလို့ရှိရင် ပျက်စီး တာရယ်၊ ဖောက်ပြန်တာရယ်. . . (မှန်ပါ့)။

အသစ်တစ်ခုဖောက်ပြန်လာတယ်ဆိုကတည်းက အဟောင်းပျက်စီးလို့ဆိုတာ မသေချာဘူးလား . . . (သေချာ ပါတယ်)၊ ဥပမာ ဒီနေရာထိုင်နေရတယ်ဆိုတာ ထိုင်လို့ကောင်းလို့ ထိုင်နေကြတာ . . . (မှန်ပါ့)၊ ကောင်းတဲ့နေရာကလဲ ရွှေ့ချင် ပြန်တယ်ဆိုတဲ့ဥစ္စာ ခုနင်က ကောင်းလုံးပျက်ပြီး သကာလ

ဆိုးလုံး ပေါ်လာတာပဲ. . . (မှန်လှပါ)၊ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် ပျက်စီးတာနဲ့ ဖောက်ပြန်တာရှိတာ ခန္ဓာလို့မှတ် . . . (မှန်ပါ့)။

## ခန္ဓာ၏အမြဲတမ်းအလုပ်

သိပြီ. . . သိပြီ. . . သိပြီ. . . ဒကာကြွယ်၊ ဦးလှဘူးတို့ သိပြီ . . . (မှန်ပါ့)၊ ခန္ဓာ၏အလုပ်အမြဲတမ်းအလုပ် ပြောစမ်းပါဆိုရင် ဘယ်လိုပြောကြမယ် . . . (ဖောက်ပြန်ပျက်စီးတာခန္ဓာပါဘုရား)၊ ဖောက်ပြန်တာနဲ့ ပျက်စီးတာ အမြဲတမ်းခန္ဓာ၏အလုပ် . . . (မှန်ပါ့)။

ပြီးနိုင်ရဲ့လား ခန္ဓာ၏ဖောက်ပြန်ပျက်စီးတဲ့ အလုပ်ကြီးဟာ ဘယ်တော့များ စခန်းသတ်သတုံးမေးလို့ရှိရင် ခန္ဓာရှိသရွေ့ စခန်းမသတ် . . . (မှန်ပါ့)။

ခန္ဓာရှိသရွေ့ . . . (စခန်းမသတ်ပါ)၊ သူ့အလုပ်က ဘာပါလိမ့် . . . (ဖောက်ပြန်ပျက်စီးတာပါ)၊ ဖောက်ပြန်ပျက်စီးတာသည် ခန္ဓာ၏အလုပ် . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီ)။

အဲဒါ ဉာဏ်နားနဲ့ ကြည့်ကြည့်-ကြည့်ကြည့်ပြီး သကာလ ဖောက်ပြန်ပြီ၊ ပျက်စီးပြန်ပြီ၊ ဖောက်ပြန်ပြီ၊ ပျက်စီးပြန်ပြီဆိုလို့ရှိရင်

ဖြင့် ကြည့်ကြည့်ပေး၊ ရုပ်ပေါ်ကြည့်လိုက်၊ စိတ်ပေါ်ကြည့်လိုက် လဲ တော်တော်ကြာ စိတ်ကလေးပေါ် လာတာက ဖောက်ပြန်လာတာ၊ အရင်စိတ်ကလေး ပျက်စီးသွားတယ် . . . (မှန်ပါ့)၊ ဖောက်ပြန်တဲ့ တရားကလေးလဲ တော်တော်ကြာကျတော့ ဖောက်ပြန်ရာကနေပြီးသကာလ ပျက်စီးသွားတယ် . . . (မှန်ပါ့)၊ ဒါဖြင့် ခန္ဓာ၏အလုပ်သည် ဖောက်ပြန်ပျက်စီးတဲ့အလုပ် . . . (မှန်ပါ့)။

## ဖြစ်လိုက်ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက်

အဲဒီတော့ ခန္ဓာငါးပါးစလုံး မကြည့်ဘဲနဲ့ ဝေဒနာကလေးပေါ် လာလိုက် ဒါဖောက်ပြန်လာတာ၊ ပြီးတော့ဘာဖြစ်သွားသတုံး . . . (ပျက်စီးသွားပါတယ်)။

ဒါဖြင့် ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်၊ ဒီလိုပဲ မနေဘူးလား . . . (နေပါတယ်ဘုရား)။

ဒါဖြင့် ဝေဒနာက္ခန္ဓာကြည့်ပြန်လဲ ဖြစ်ပျက်၊ သညာက္ခန္ဓာကြည့်လိုက်ပြန်လဲ . . . (ဖြစ်ပျက်ပါဘုရား)၊ သဘောကျပလား . . . (ကျပါပြီ)။

အဲ. . . တစ်ခုတည်းသာ စိုက်ကြည့်၊ ဝေဒနာကြည့်ရင် ဝေဒနာဖြစ်ပျက်တွေ လျှောက်ကြည့်. . . ၊ စိတ်ကြိုက်ရင်. . . (စိတ်ဖြစ်ပျက်တွေကြည့်)၊ စိတ်ဖြစ်ပျက်တွေ လျှောက်ကြည့်တော့

ဘာတွေများ တွေ့သတုံးမေးတော့ ဖောက်ပြန်တာရယ်၊ ပျက်စီးတာရယ်တွေ့တယ်၊ ဘယ်သူ၏ အလုပ်ပါလိမ့်. . . (ခန္ဓာ၏အလုပ်ပါ)။

ဩော် . . . ဒါတွေမြင်တော့မှ ဒီခန္ဓာကြီးကားလို့ဆိုရင်ဖြင့် ဖောက်ပြန်နဲ့ ပျက်စီးပဲ လှည့်သာနေတော့တယ်ဆိုတာ ဒကာဒကာမတွေ မသိရပေဘူးလား . . . (သိရပါတယ်)။

အဲဒါကြောင့် ဝိပရိနာမလက္ခဏာ ဒုက္ခသစ္စံ . . . (မှန်ပါ့)၊ ဖောက်ပြန်ပျက်စီးတာကလေးဟာ ဖောက်ပြန်ပျက်စီးတဲ့သဘောပြောတာပဲ . . . (မှန်ပါ့)။

## ဒုက္ခသစ္စာ၏သဘော

ဖောက်ပြန်ပျက်စီးတဲ့ သဘောကလေးဟာ ဘာသဘောပါလိမ့် . . . (ဒုက္ခသစ္စာ၏သဘော ပြောပါတယ်)၊ ဒုက္ခသစ္စာ၏သဘောကိုပြောတာ ဦးဘအုန်းတို့၊ ဒကာသစ်တို့က ဉာဏ်ကလေးနဲ့ ကြည့်ကြည့်ပြီးသကာလ ပြောစမ်းပါကွာဆိုပြီး စိုက်သာကြည့် . . . (မှန်ပါ့)၊ ဝေဒနာတွေ ပေါ်လာရင် ဖောက်ပြန်လာပြီ . . . (မှန်ပါ့)၊ ချုပ်သွားရင် ပျက်စီးသွားပြီ . . . (မှန်ပါ့)၊ ဘာရှိသတုံး . . . (ဖောက်ပြန်ပျက်စီးပဲရှိပါတယ်)။

## တစ်ကိုယ်လုံးက ဘာတွေများပြောသတုံး

အဲဒါက ဉာဏ်ကနေကြည့်နေ၊ ကြည့်တော့တစ်ကိုယ်လုံးက ဘာတွေများ တစ်နေ့လုံးပြောမယ်ထင်သတုံး . . . (ဖောက်ပြန်ပျက်စီးတာပဲ ပြောပါမယ်)၊ ဖောက်ပြန်ပျက်စီးတာချည့် ပြောမယ်နော် . . . (မှန်ပါ့)၊ ပြောပြန်တော့လဲ ဉာဏ်မျက်လုံးနဲ့ ကြည့်တဲ့ပုဂ္ဂိုလ်မှ ပြောတယ် . . . (မှန်ပါ့)၊ ခုနင်က ဒီနေရာယားလို့ ဒီနေရာ ဖျောက်လိုက်ပြီးသကာလ ဟိုနေရာကလေးက ကောင်းတယ်ဆိုတဲ့ ပုဂ္ဂိုလ် ဒီဉာဏ်မလာပါဘူး . . . (မလာပါဘုရား)၊ ဒီဉာဏ်မလာပါဘူး၊ စိုက်ပြီး ကြည့်ပြီးသကာလ ဒီနေရာကလေးက အခုယားတယ်၊ ယားတာကလေးပျောက်သွားပြီးတော့ သြော် . . . ဖောက်ပြန် ပျက်စီးပြန်ပြီ၊ မျက်လုံးကလေးက မြင်တဲ့စိတ်ကလေး ပေါ်လာပြန်ပြီ၊ သြော် . . ဖောက်ပြန်ပျက်စီးပြန်ပြီ၊ နားထဲက ကြားတဲ့စိတ်ကလေး ပေါ်လာတာလဲ ခုမှ ပေါ်လာတာက ဖောက်ပြန်လာတာ . . . (မှန်ပါ့)၊ ကြားတဲ့စိတ်ကလေး ပျောက်သွားတဲ့အခါ ဖောက်ပြန်ပျက်စီးတာ . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီ)။

## ဖောက်ပြန်ပျက်စီးတာပဲတွေ့တယ်

ဒါဖြင့် ခန္ဓာကိုယ်တစ်ကိုယ်လုံးတည်းမှာ နာမ်ဘက်ကြည့်လိုက်လဲ ဖောက်ပြန်ပျက်စီးတာပဲ၊ ရုပ်ဘက်ကြည့်လိုက်ပြန်လဲ . . . (ဖောက်ပြန်ပျက်စီးတာပါ)။

နာမ်နဲ့ရုပ်ရှိတာပဲ၊ တကယ်ကြည့်လိုက်တော့ နာမ်ရုပ်တော့မတွေ့ပါဘူး၊ ဘာတွေ့သတုံး . . . (ဖောက်ပြန်ပျက်စီးတာတွေ့ပါတယ်ဘုရား)၊ ဖောက်ပြန်ပျက်စီးတာ ဘာသစ္စာ . . . (ဒုက္ခသစ္စာပါ)၊ ဟော . . . ဒကာကြွယ်ပေါ်ပြီ, . . (ပေါ်ပါပြီ)၊ ဒုက္ခသစ္စာပေါ်လာပြီ ဒကာ ဒကာမတို့ . . . (မှန်ပါ)၊ ဘာတွေများပေါ်လာပါလိမ့်. . . (ဒုက္ခသစ္စာပေါ်လာပါတယ်)။

## ဒိဋ္ဌိမခင်ဆိုတာလာတယ်

စောင့်ကြည့်တဲ့ ပုဂ္ဂိုလ်မှာ ဒုက္ခသစ္စာမပေါ်လာဘူးလား . . . (ပေါ်လာပါတယ်)၊ အဲဒီလို ပေါ်လာတဲ့ပုဂ္ဂိုလ်ကျတော့မှ ဒီဒုက္ခကြီးကို ပေါ်တိုင်းပေါ်တိုင်း ဖောက်ပြန်တာနဲ့ ပျက်စီးတာချည့် တွေ့နေတဲ့ ပုဂ္ဂိုလ်ကျတော့မှ ဒိဋ္ဌိမခင်ဆိုတာလာတော့တယ်. . . (မှန်ပါ)၊ ဒိဋ္ဌိမခင်ဟာ ဒီအတိုင်းလာတာ မဟုတ်ဘူးနော်. . . (မှန်ပါ)၊ ဖောက်ပြန်ပျက်စီးတာကို စူးစူးစိုက်စိုက်ကြည့်နေတဲ့ ပုဂ္ဂိုလ်မှ ဒိဋ္ဌိမခင်ဆိုတာကလာတာ . . . . ။ (မှန်ပါ)၊ နို့မဟုတ် ရင် မလာဘူးနော် . . . . ။ (မလာပါဘုရား)။

အဲဒီတော့ သစ္စာတည်းဟူသော ဝိပဿနာမပါဘဲနဲ့ ဒီ ဒကာ ဒကာမတွေ ဒိဋ္ဌိမခင်ဘဲ ဟိုဒိဋ္ဌိမတောင့်တလို့သေခြင်းသည် အကောင်းဆုံးပဲဆိုပြောသော်လည်း ဝိပဿနာအလုပ်ကို မလုပ်တဲ့ပုဂ္ဂိုလ်မှာဖြင့် ဘယ်နည်းနဲ့မှ ဒိဋ္ဌိမခင်ပါနဲ့

ဆိုလဲမရဘူး. . . (မရပါဘုရား)၊ ဟိုခန္ဓာမတောင့်တပါနဲ့ဆိုရင်ကော . . . (မရပါဘုရား)။

အဲဒါ ဒကာသစ်တို့၊ ဦးဘအုန်းတို့က သေသေချာချာ သိတော့မှ ဩော်. . . လက်တွေ့မကောင်းမှန်းသိပါမှ လက်မဲ့ မတောင့်တမှာပါကလား. . . (မှန်ပါ့)၊ လက်တွေ့ကိုမှ မတွေ့ရသေးလို့ရှိရင်ဖြင့် လက်မဲ့ကို ကောင်းတယ်ထင်ဦးမှာပဲ . . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)။

## သေနည်းအကောင်းဆုံး၊ ဘယ်ဟာတုံး

ဒါဖြင့် ဒကာ ဒကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သေနည်း အကောင်းဆုံး ဘယ်ဟာတုံးဆိုတော့ ဤခန္ဓာမတွယ်တာ၊နောက်ခန္ဓာမတောင့်တ၊ ဤနည်းဟာ အကောင်းဆုံးပဲ. . . (မှန်ပါ့)၊ အဲဒါ ဥပရိပဏ္ဏာသပါဠိတော်မှာ သေသေချာချာ ဟောတယ်. . . (မှန်ပါ့)။

ဟောသာဟောငြားသော်လည်း သူကသာ ဟောတယ်၊ ကျုပ်တို့က နှလုံးမသွင်းတတ်လို့ရှိရင်လည်း ဒီခန္ဓာပဲ ခင်မှာပဲ၊ နောက်ခန္ဓာလည်း တောင့်တမှာပါပဲ)။

## ဝိပဿနာအလုပ်မလုပ်လို့

တောင့်တမှာပဲဆိုတော့ ဩော်. . . ဘယ်လိုကြောင့်

ဒီခန္ဓာခင်ပြီး နောက်ခန္ဓာတောင့်တကြပါလိမ့်မတုံးဆိုတော့ ဒီခန္ဓာအကြောင်း ကောင်းကောင်းသိတဲ့ ဝိပဿနာအလုပ်ကို မလုပ်လို့ . . . (မှန်ပါ့)၊ ဒကာကြွယ် ဒါပေါ်လာတယ်. . . (မှန်ပါ့)။

အေး. . . ဒါကြောင့် ဒကာ ဒကာမတို့ ဝေဒနာကြိုက်ရင် ဝေဒနာ ဖောက်ပြန်ပျက်စီးတာကြည့်၊ စိတ်ကြိုက်ရင် . . . (စိတ်ဖောက်ပြန် ပျက်စီးတာကိုကြည့်ရပါမယ်)၊ စိတ်ဖောက်ပြန် ပျက်စီးတာကို ကြည့်မိအောင် ကြည့်လိုက်စမ်းပါဆိုတာကို သေသေချာချာသတိပေးပါတယ် . . . (မှန်ပါ့)။

ဒီလို အမှန်အတိုင်းရှာတော့ ဒီခန္ဓာကြီးက ဒကာ ဒကာမတို့ ဘယ့်နှယ်ဖြစ်လာသတုံးဆိုလို့ရှိရင် ဝေဒနာကလေး တွေဟာ တစ်ခါတည်း ရေပွက်ကလေးတွေလို ဖောက်ပြန်ပျက်စီး တာ - ဖောက်ပြန်ပျက်စီးတာ - ဖောက်ပြန်ပျက်စီးတာချည့် ဆက်ပြတာပဲ . . . (မှန်ပါ့)၊ ကြည့်ဖန်များလာတော့ ဖောက်ပြန် ပျက်စီးတာချည့် ဆက်မပြပေဘူးလား . . . (ပြင်ပါတယ်)။

အဲဒီကဲ့သို့ ဆက်ပြတဲ့အခါကျတော့ ဤခန္ဓာကြီးဟာဖြင့် ဖောက်ပြန် ပျက်စီးတာမှတစ်ပါး ဘာမှမရှိပါကလား . . . လို့ မမြင်ပေဘူး လား . . . (မြင်ပါတယ်)။

## ယထာဘူတဉာဏ်

မြင်တော့မှ ခင်ဗျားတို့အားလုံး ဟုတ်တိုင်းမှန်စွာရှိတာကို ဟုတ်တိုင်းမှန်စွာသိတဲ့ ယထာဘူတဉာဏ်ရပါတယ်. . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ)။

ဟုတ်တိုင်းမှန်စွာရှိတာက ဖောက်ပြန်ပျက်စီးတာ . . . (မှန်ပါ့)၊ ဟုတ်တိုင်းမှန်စွာသိတာက ဖောက်ပြန်ပျက်စီးတာမှ တစ်ပါး ဘာမှ မရှိဘူးလို့ ဆုံးဖြတ်ချက်ချပြီးသိတာ . . . (မှန်ပါ့)၊ သဘောပါကြပလား . . . (ပါ,ပါပြီဘုရား)။

အဲဒီကဲ့သို့ ခန္ဓာကြီးကို ဝေဒနာကြိုက်ရင် ဝေဒနာကြည့် လို့ ဖောက်ပြန်ပျက်စီးတာချည့် မြင်ခဲ့သော် စိတ်ကြိုက်လို့ စိတ်ဖောက်ပြန်ပျက်စီးတာချည့် ဒကာ ဒကာမတွေက မြင်ခဲ့လို့ ရှိရင် ဤခန္ဓာကြီးကို ဟုတ်တိုင်းမှန်စွာ သိပါပြီ . . . (မှန်ပါ့)၊ ယထာဘူတဉာဏ်ရပြီ . . . (မှန်ပါ့) မရသေးဘူးလား . . . (ရပါပြီ)။

ယထာဘူတဉာဏန္တိ ယထာသဘာဝ ဇာနနဉာဏံ။ ဟုတ်တိုင်းမှန်စွာသိတဲ့ဉာဏ်ရပါတယ်. . . (မှန်ပါ့)။

## ရှေ့ကိုဘာဆက်လုပ်ရမှာလဲ

အဲဒီတော့ ဒကာသစ်တို့ ဦးဘအုန်းတို့က ဆက်ကြည့်ပါ၊ ဟုတ်တိုင်းမှန်စွာသိတဲ့ဉာဏ်ရရင် ရှေ့ကို ဘာဆက်လုပ် ရမလဲ. . . (ဆက်ကြည့်ရပါမယ်)။

ဆက်ကြည့်တဲ့အခါကျလို့ရှိရင် ဤခန္ဓာကြီးသည် ကားလို့ဆိုရင် ဒုက္ခသပိဠနဋ္ဌော-ပေါ်လာတယ်. . . (မှန်ပါ့)၊ ဒုက္ခသ-ဒုက္ခသစ္စာ၏။ ပိဠနဋ္ဌော-ကိန်းရာပုဂ္ဂိုလ်ကို ညှာတာမဖက် အမြဲနှိပ်စက်နေတာ သူပဲတဲ့. . . (မှန်ပါ့)၊ သဘောကျပလား. . . . (ကျပါပြီ)။

ညှာတာမဖက် အမြဲနှိပ်စက်နေတာ သူပဲ၊ ဖောက်ပြန်ပျက်စီးပြီး နှိပ်စက်နေတာပဲ . . . (မှန်ပါ့)။

ဥပမာ ဒကာသစ်ဆိုတဲ့ ပုဂ္ဂိုလ်ကို ကျန်တဲ့ ရုပ်နာမ်တွေက ဖောက်ပြန်ပျက်စီးမှုနဲ့ နှိပ်စက်နေတယ်. . . (မှန်ပါ့)၊ မနှိပ်စက်ဘူးလား . . . (နှိပ်စက်ပါတယ်)။

ဒီခွေးမှာ အနာနှိပ်စက်နေတယ်လို့ ခင်ဗျားတို့ မပြောကြဘူးလား . . . (ပြောကြပါတယ်)၊ ဒီမှာလဲ ဒီလူမှာ ဖောက်ပြန်ပျက်စီးမှုတည်းဟူသော အနာတွေက နှိပ်စက်နေတယ်. . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီ)။

ဖောက်ပြန်ပျက်စီးမှုတည်းဟူသော အနာတွေကဘာတုံး (နှိပ်စက်နေပါတယ်)၊ နှိပ်စက်နေတော့ ဩော်. . . လူ့ပြည်ဆုတောင်းရတာ အနှိပ်စက်ခံဖို့ဆုတောင်းတာကိုး. . . (မှန်ပါ့)၊ နတ်ပြည်ဆုတောင်းရတာကော . . . (အနှိပ်စက်ခံဖို့ ဆုတောင်းတာပါ)၊ ဗြဟ္မာပြည်ဆုတောင်းကြတာကော . . . (အနှိပ်စက်ခံဖို့

ဆုတောင်းကြတာပါ)၊ ဖောက်ပြန်ပျက်စီးတာမမြင်လို့ တောင်းကြတာကိုး . . . (မှန်ပါ့)။

## ပျက်စီးတာမြင်မှ မခင်တွယ်မှာ

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဤခန္ဓာ မခင်တွယ်, နောက်ခန္ဓာမတောင့်တတဲ့ သေခြင်းအကောင်းဆုံး ပဲလို့ ဟောတော်မူတော့ ကျုပ်တို့ ဘယ်လိုကြည့်ရမယ်ဆိုတာ ဖောက်ပြန်ပျက်စီးတာမြင်မှ လက်ရှိခန္ဓာ မခင်တွယ်က လာမှာ. . . (မှန်ပါ့)။

ဖောက်ပြန်ပျက်စီးတာမြင်မှ . . . (လက်ရှိခန္ဓာ မခင်တွယ်တာလာမှာ)၊ လက်ရှိခန္ဓာမခင်တွယ်က လာမှာ ဒကာကြွယ်ရေ . . . (မှန်ပါ့)၊ ဒီအတိုင်း လာပါ့မလား . . . (မလာပါဘုရား)။

## နဂိုရှိလို့နဂိုင်းထွက်လာတာ

အဲဒီတော့ ဒကာသစ်ရေ စောင့်ပြီး ခန္ဓာကိုယ်ကြီးသာ ကြည့်နေနော် . . . (မှန်ပါ့)၊ နဂိုရှိတော့ နဂိုင်းထွက်လာဆိုသလို ပဲ ဘာတွေချည့်ပြမယ်ထင်သတုံး . . . (ဖောက်ပြန် ပျက်စီးတာ ချည့် ပြမှာပါ)။

နို့မဟုတ်လို့ရှိရင် ဒီလိုမကြည့်တဲ့ပုဂ္ဂိုလ်ကျတော့ သူကတော့ ဖောက်ပြန်ပျက်စီးနေတာ တရစပ်ပေါ့ဗျာ။ ကိုယ်က

မမြင်တဲ့အခါကျတော့ ဩော်. . . အန္ဓပုထုဇဉ် . . . အန္ဓပုထုဇဉ် ကိုယ့်အကြောင်းတောင် ကိုယ်မသိဘူး . . . (မှန်ပါ့)၊ ဦးဘအုန်း ဆိုထိုက်-မဆိုထိုက် . . . (ဆိုထိုက်ပါတယ်ဘုရား)၊ ဒကာကြွယ် ဦးလှဘူးတို့ ဆိုထိုက် မဆိုထိုက် . . . (ဆိုထိုက်ပါတယ်ဘုရား)။

## တရားနှလုံးမသွင်းရင်

ဩော်. . . ဒါဖြင့် ဒီလိုတရားထူးတရားမြတ်တွေကို နှလုံး မသွင်းရတဲ့ ပုဂ္ဂိုလ်တွေအတွက်မှာဖြင့် လူသာဖြစ်လာရတယ်၊ မျက်စိနှစ်ကွင်းအလင်းမရဘဲနဲ့ သေသွားတယ်ပေါ့ . . . (မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမလဲ . . . (မျက်စိနှစ်ကွင်း အလင်းမရ ဘဲနဲ့ သေသွားပါတယ်)။

မျက်စိနှစ်ကွင်း အလင်းမရဘဲနဲ့ သေသွားတယ်လို့ မဆို ထိုက်ဘူးလား . . . (ဆိုထိုက်ပါတယ်) ဒါဖြင့် သူမွေးလာတာ အမှောင်ထဲ မွေးတယ်။ သေတော့ကော (အမှောင်ထဲ သေပါတယ်)။

ဩော်. . . ဝိပဿနာဉာဏ်ကင်းရင်ဖြင့် အမှောင်ထဲမွေး ၍ အမှောင်ထဲသေတယ်လို့ ဆုံးဖြတ်ချက်ချလိုက်စမ်းပါ . . . (မှန်ပါ့)၊ ဖောက်ပြန်ပျက်စီးတာမှ သူမမြင်တော့ဘဲကိုးဗျ . . . (မှန်ပါ့)။

## ခန္ဓာကိုယ်ကြီးမေးကြည့်စမ်းပါ

အဲဒါကြောင့် ဒီက ပြန်တဲ့အခါမှာ ခန္ဓာကိုယ်ကြီးကို ဒီထဲမှာဖြစ်စေ၊ ဟိုနေရာယိမ်းလိုက်၊ ဒီနေရာစောင်းလိုက်၊ ဘာဖြစ်တုံးလို့ မေးကြည့်စမ်းပါ၊ သူ့ကို . . . (ဖောက်ပြန်ပျက်စီးတာပါ)၊ ချွေးတွေထွက်လာတယ်၊ နဂိုက ချွေးမပါဘူး၊ ဘာဖြစ်တာတုံး မင်းကလို့မေးစမ်း . . . (ဖောက်ပြန်ပျက်စီးသွားတာပါ)၊ နဂိုက မနာဘူး၊ မင်း ခုမှ နာလာတာကောလို့ မေးကြည့် . . . (ဖောက်ပြန် ပျက်စီးတာပါ)၊ နဂိုက ဒီနေရာ မင်းကြိုက်လို့ထိုင်တာ၊ အခုရွှေ့ချင်တာ ဘာတုံးလို့ မေးကြည့် . . . (ဖောက်ပြန်ပျက်စီးတာပါ)။

အဲဒီကဲ့သို့ ဝေဒနာမေးလိုက်တာလဲ ဖောက်ပြန်ပျက်စီးတာ ပြောတာပဲ . . . (မှန်ပါ့)၊ စိတ်ကို မေးလိုက်ပြန်လဲ . . . (ဖောက်ပြန်ပျက်စီးတာပါပဲ)၊ ရုပ်ကို မေးလိုက်ပြန်တော့ . . . (ဖောက်ပြန်ပျက်စီးပါတယ်)။

## ယထာဘူတဉာဏ်

အဲဒီကဲ့သို့ သူက ပြောတာကို ကျုပ်တို့က သြော်. . . သူ့ပင်ကိုသဘောကဖြင့် ဖောက်ပြန်ပျက်စီးတာမှတစ်ပါး ဘာမှ မရှိဘူးလို့ သိတဲ့ဉာဏ်ကို ဘာဉာဏ်ခေါ်ကြမယ် . . . (ယထာဘူတဉာဏ်ပါ)။

ယထာဘူတဉာဏ်ရပြီ၊ ယထာဘူတဉာဏ်ရတော့မှ ဩော်. . . နဂိုတုန်းက ဒီအသိ-မသိခင်တုန်းကတို့စုံလုံးကန်းတွေပဲ. . . (မှန်ပါ့)၊ အခုတော့ဖြင့် ကိုယ့်အကြောင်းကိုယ်သိပြီ. . (မှန်ပါ့)၊ မသိကြဘူးလား. . . (သိပါတယ်ဘုရား)၊ အဲဒီ ကိုယ့်အကြောင်းကိုယ်သိတဲ့အခါကျတော့မှ တို့သည်ကားလို့ဆိုရင်ဖြင့် အန္ဓပုထုဇဉ်အဖြစ်မှ ကလျာဏပုထုဇဉ်အဖြစ်သို့ ရောက်ပဟလို့ ဆုံးဖြတ်ချက်ချ . . . (မှန်ပါ့)၊ ခန္ဓာတွေ ဖောက်ပြန်ပျက်စီးပြီး ခဏခဏလဲနေတာ သိသွားပြီ . . . (မှန်ပါ့ဘုရား)၊ သဘောကျပလား . . (ကျပါပြီ)။

ပဝတ္တိပစ္စုပ္ပဋ္ဌာန်-တဲ့၊ ပဝတ္တိပစ္စုပ္ပဋ္ဌာန်ဆိုတာ စက်ယန္တရားရဟတ်ချားသို့ မနားမရပ် လှည့်ပတ်ထွေလီကျင်လည်နေတယ်တဲ့ . . . (မှန်ပါ့)၊ တစ်ခုသော ဖောက်ပြန် ပျက်စီးမှုချုပ်သွားရင် နောက်တစ်ခါ ဖောက်ပြန်ပျက်စီးမှုပေါ်တာပဲ . . . (မှန်ပါ့)၊ နောက်တစ်ခါကော ဘာပေါ်သတုံး . . . (ဖောက်ပြန်ပျက်စီးမှုပေါ်ပါတယ်)။

## ဖောက်ပြန်ပျက်စီးတာ ချည့်လှည့်နေတယ်

ဒါဖြင့် ဒကာကြွယ် စက်ယန္တရားကြီးလို လည်နေတာပဲ . . . (မှန်ပါ့)၊ ဘာတွေများ လည်နေပါလိမ့်၊ ဖောက်ပြန်ပျက်စီးတာချည့် လှည့်နေတယ် . . . (မှန်ပါ့)။

ဒကာ ဒကာမတို့ ဘာတွေများ လှည့်နေပါလိမ့် . . . (ဖောက်ပြန်ပျက်စီးတာချည့် လှည့်နေပါတယ်)၊ ဖောက်ပြန်ပျက်စီးတာချည့် လှည့်နေတော့ စက်ယန္တရား ရဟတ်ချားသို့ မနားမရပ်လှည့်ပတ်တွေလီ ကျင်လည်နေခြင်းကိုသာလျှင် ဉာဏ်ထဲမှာ မြင်လာလိမ့်မယ်။ ဩော်. . . ဒုက္ခစက်ကြီး လည်နေပါလား . . . (မှန်ပါ့)။

ဘယ်လိုမြင်လာပါလိမ့် . . . (ဒုက္ခစက်ကြီးလည်နေပါလား)။

## နိဗ္ဗိန္ဒဉာဏ်

အဲဒီကျလာလို့ရှိရင် ဒုက္ခစက်ကြီး လည်နေတာမြင်တဲ့အခါကျလို့ရှိရင် ဒီဒုက္ခစက်ဖြင့် ရွံစရာကြီးပါလား၊ မုန်းစရာကြီးပါလားဆိုတဲ့ဉာဏ် တက်မလာဘူးလား . . . (တက်လာပါတယ်)၊ ဩော် . . . ရွံမုန်းတဲ့ဉာဏ်တက်လာတာဟာ ဒုတိယ ၂-နံပါတ် နိဗ္ဗိန္ဒဉာဏ်တက်လာတယ်. . . (မှန်ပါ့)။

အဲ. . . ပထမဉာဏ်က ယထာဘူတဉာဏ်. . . (မှန်ပါ့) ဒုတိယဉာဏ်က စက်ယန္တရားရဟတ်ချားကဲ့သို့ လည်ပြီး သူ့ကိစ္စတွေသိပြီးနေတဲ့ သဘောတွေမြင်တော့မှ ဒကာ ဒကာမတို့ မုန်းလာတယ်၊ ရွံလာတယ် . . .၊ သူများခန္ဓာမုန်းတာလား၊

ကိုယ့်ခန္ဓာမုန်းတာလား . . . (ကိုယ်ခန္ဓာမုန်းတာပါဘုရား)၊ ကိုယ့်ခန္ဓာမုန်းရှိတဲ့သဘောရောက်လာတော့မှ ဤခန္ဓာ မလိုချင်ဆိုတာ နီးလာပြီ . . . (မှန်ပါ့)။

## ခန္ဓာမလိုချင်တာနီးလာတယ်

ဘာနီးလာပါလိမ့် . . . (ဤခန္ဓာမလိုချင်ဆိုတာ နီးလာပါတယ်)၊ ဤခန္ဓာမလိုချင်တာနီးလာတယ် . . . (မှန်ပါ့)။

အဲဒီတွင် ဒုက္ခစက်ကြီးလည်နေတာမြင်တော့မှ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဉာဏ်နဲ့ နှလုံးသွင်းလိုက်တဲ့အခါကျတော့ ဩော်. . . ပထမဖောက်ပြန်ပျက်စီးတာလဲ ဒုက္ခသစ္စာပဲ၊ ဒုတိယပေါ်လာမှာလဲ . . . (ဒုက္ခသစ္စာပါပဲ)၊ ဖောက်ပြန်ပျက်စီးတာ ဘာသစ္စာ . . . (ဒုက္ခသစ္စာပါဘုရား)၊ ပထမချုပ်ပျောက်သွားတာ . . . (ဒုက္ခသစ္စာပါ)၊ ဒုတိယချုပ်ပျောက်မယ်လို့ပေါ်လာတာ . . . (ဒုက္ခသစ္စာပါ)။

ပထမဟာလည်း ဖောက်ပြန်ပျက်စီးခြင်းကြောင့် ဒုက္ခသစ္စာ၊ ဒုတိယပေါ်လာတာလဲ . . . (ဖောက်ပြန်ပျက်စီးခြင်းကြောင့် ဒုက္ခသစ္စာပါ)။

## သေတာနဲ့သေမှာသာလှည့်နေတယ်

ဒါဖြင့် ဒကာ ဒကာမတို့ ပထမဖောက်ပြန်ပျက်စီးတာက

သေသွားတာ၊ နောက်ပေါ်လာတာက သေမှာ . . . (မှန်ပါ့)၊ ခန္ဓာကိုယ်ထဲမှာ သေတာနဲ့ သေမှာသာ လှည့်နေတယ် (မှန်ပါ့)။

ဘယ်လို တရားလှည့်နေသတုံး . . . (သေတာနဲ့သေမှာ သာ လှည့်နေပါတယ်)၊ သေသွားတာဆိုတာ ပျောက်သွားတာ (မှန်ပါ့)၊ သေမှာဆိုတာ သေမလို့ပေါ်လာတာ . . . (မှန်ပါ့)။

ဒါဖြင့် ခန္ဓာကိုယ်ကြီးတစ်ကိုယ်လုံးမှာ အဲဒီကဲ့သို့ကြည့် လိုက်တဲ့အခါကျတော့ သေတာရယ်၊ သေမှာရယ်သာ လှည့်နေ တယ် . . . (မှန်ပါ့)။

ဒါ ဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါကျတော့ သေတာဆိုတာ ပျောက်ပျက်သွားတာ . . . (မှန်ပါ့)၊ သေမှာဆိုတာ သေမလို့ ပေါ်လာတာ. . . (မှန်ပါ့)၊ ရှင်းပလား . . . (ရှင်းပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတို့ လူခန္ဓာကိုယ်ထဲမှာအပြည့်အစုံ ရှိတာ ပြောစမ်းပါဆိုတော့ သေတာ, သေမှာ နှစ်ခုသာ လှည့်နေ တယ် . . . (မှန်ပါ့)။

## ဉာဏ်နဲ့ကြည့်ပေးပါ

ဘယ်လို မှတ်ကြမယ် . . (သေတာနဲ့ သေမှာ နှစ်ခုသာ လှည့်နေပါတယ်)၊ ဉာဏ်နဲ့ကြည့်ပေးပါ ဉာဏ်နဲ့ကြည့်ပေးပါ . . . (မှန်ပါ့)။

သေတာ, သေမှာဆိုတော့ သေတာဟာ ဒုက္ခသစ္စာ . . . (မှန်ပါ့)၊ သေမှာဟာ ဒုက္ခသစ္စာ . . . (မှန်ပါ့)၊ သေတဲ့ဒုက္ခထက် ကြီးတာ ရှိသေးရဲ့လား . . . (မရှိပါဘုရား)။

ယံကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံတံ နိရောဓဓမ္မံတိ၊ ယံကိဉ္စိ- အလုံးစုံသော၊ သမုဒယဓမ္မံ - သေမှာတရားသည်။ ဥပ္ပဇ္ဇတိ- ဖြစ်၏။ သဗ္ဗံ - အလုံးစုံသော။ တံ-ထိုတရားသည်။ နိရောဓဓမ္မံ- သေတာသာရှိ၏ (မှန်ပါ့) ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

ယံကိဉ္စိ-အလုံးစုံသောဆိုတော့ ခန္ဓာကိုယ်တစ်ကိုယ်လုံးကို ဆိုလိုက်ပါတယ် . . . (မှန်ပါ့)၊ သမုဒယဓမ္မံ-သေမှာတရားသည် အတ္တိရှိ၏။ သေမလို့ ပေါ်လာတဲ့ တရားသာရှိတယ် (မှန်ပါ့)၊ တံ-ထိုသေမလို့ ပေါ်လာတဲ့ တရားသည်။ နိရောဓဓမ္မံ- သေခြင်းဒုက္ခဥ္စသာ အဆုံးသတ်၏. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီ)။

ဒါဖြင့် ခန္ဓာကိုယ်ထဲမှာ သေမှာရယ်၊ သေတာရယ် လှည့်နေတော့သည် . . . (မှန်ပါ့)။

စိုက်ကြည့် . . . စိုက်ကြည့် . . . ခန္ဓာကိုယ်ကို အိမ်ကျတော့ စိုက်ကြည့်၊ အခုစိုက်ကြည့်၊ သေမလို့ ပေါ်လာတာရယ်၊ သေသွားတာရယ်၊ ဒါပဲ တွေ့တယ် . . . (မှန်ပါ့) ဒီပြင် ဘာရှိသေးသတုံး . . . (မရှိပါဘုရား)။

## ဝိပဿနာဉာဏ်နဲ့ ကြည့်မှရှင်းတယ်

ဪ. . . ဒကာ ဒကာမတို့ လူ့ဘဝ ကောင်းလေရော့လား၊ ဆိုးလေရော့လားဆိုတာ ဝိပဿနာဉာဏ်နဲ့ကြည့်မှ ရှင်းတယ်. . . (မှန်ပါ့)၊ အကောင်းပါသေးရဲ့လား . . . (မပါ, ပါဘုရား)၊ ဘာတွေသာပါ, ပါလိမ့် . . . (အဆိုးတွေသာ ပါ,ပါတယ်)။

ဒါဖြင့် ပြောကြပါစို့ သစ္စာဖွဲ့ကြပါစို့။ သေမှာ ဘာသစ္စာ (ဒုက္ခသစ္စာပါ)၊ သေတာဟာ ဘာသစ္စာ . . . (ဒုက္ခသစ္စာပါ)။

ကဲ. . . ဒါဖြင့် ကျုပ်တို့ ဖြစ်ပျက်ထဲ ရောကြစို့ဆိုတော့ (မှန်ပါ့)၊ ဖြစ်တာ ဘာသစ္စာ . . . (ဒုက္ခသစ္စာ)၊ ပျက်တာ ဘာသစ္စာ . . . (ဒုက္ခသစ္စာ)၊ ဒါဖြင့် ဖြစ်ပျက်နှစ်ခုဟာ ဒုက္ခသစ္စာ ချည့်လို့ ဆုံးဖြတ်ချက်ချလိုက် . . . (မှန်ပါ့)။

ဖြစ်ပျက်နှစ်ခုဟာ ဘာသစ္စာ . . . (ဒုက္ခသစ္စာချည်းပါဘုရား)၊ ဒုက္ခသစ္စာချည့်ပဲဆိုတော့ ဪ . . . ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခမှတစ်ပါး ဘာမှ မရှိပါကလား . . . (မှန်ပါ့)၊ မပေါ်လာသေးဘူးလား . . . (ပေါ်လာပါတယ်)။

## မဂ်ဉာဏ်

ဖြစ်ဒုက္ခ ပျက်ဒုက္ခမှတစ်ပါး ဘာမှ မရှိပါကလား၊ ပေါ်လာတဲ့အခါကျတော့ ဒုက္ခကို ပိုင်ပိုင်နိုင်နိုင် သိမသွားဘူးလား (သိသွားပါတယ်)၊ အဲဒီ ဒုက္ခသစ္စာတည်းဟူသော ခန္ဓာငါးပါးကို

ပိုင်ပိုင်နိုင်နိုင် ဒီကနေပြီး မဂ်ဉာဏ်နဲ့ သိတဲ့အခါကျတော့ ဒကာ ဒကာမတို့ ဒုက္ခဖြစ်ကြောင်း သမုဒယက မချုပ်လား . . . (ချုပ်ပါတယ်)၊ သမုဒယတည်းဟူသော အကြောင်းဆက်နေလို့ ဖြစ်ပေါ်လာတဲ့ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခကြီးဟာလည်း ဒကာကြွယ် ပျောက်ထွက်သွားတယ် . . . (မှန်ပါ့)၊ မပျောက်ဘူးလား . . . (ပျောက်ပါတယ်)။

## ဒုက္ခပျောက်တာမြင်တာကမဂ္ဂသစ္စာ

အဲဒီတော့ ဒုက္ခပျောက်တာ ဘာသစ္စာ . . . (နိရောဓ သစ္စာပါ)၊ မှန်ပြီ-မှန်ပြီ ဒကာ ဒကာမတို့ ဒုက္ခပျောက်တာ မြင်တာ က . . . (မဂ္ဂသစ္စာပါ)၊ နေရာကျပြီ။

ဒါဖြင့် ဒီဘ၀ပဲ မဂ်ရသွားတယ်၊ လေးခါလောက်ရမယ် ဆို နောက် ခန္ဓာလာသေးရဲ့လား . . . (မလာပါဘုရား)၊ နောက် ခန္ဓာ ဘယ့်နှယ်ကြောင့် မလာပါလိမ့်မတုံးမေးတော့ ဒကာ ဒကာမတို့ ဤခန္ဓာမခင်တွယ်လို့ နောက်ခန္ဓာမရတာ. . . (မှန်ပါ့)။

ဤခန္ဓာကို မခင်တွယ်တာ တရားကိုယ်ကောက်ကြပါစို့ လို့မေးလို့ရှိရင်ဖြင့် မဂ်လာမှ မခင်တွယ်တာ (မှန်ပါ့)၊ ဝိပဿနာ မဂ်နှစ်ခု (ယထာဘူတဉာဏ်နှင့် နိဗ္ဗိန္ဒာဉာဏ်)ရယ်၊ လောကုတ္တရာ မဂ်တစ်ခုရယ်၊ ဤသုံးခုလာမှသာလျှင် ဤခန္ဓာမခင်တွယ်ဆိုတာ က သေချာတယ် . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါ ပြီ)။

ဤခန္ဓာမခင်တွယ်တော့ နောက်ခန္ဓာတောင့်တတဲ့၊ ခန္ဓာထဲမှာ ဝေဒနာပစ္စယာ တဏှာဆိုတဲ့ တောင့်တလုံးတွေ လာသေးရဲ့လား . . . (မလာပါဘုရား)၊ စွဲလန်းလုံးဥပါဒါန် . . . (မလာပါဘုရား)၊ အားထုတ်လုံးကံတွေကော . . . (မလာပါဘုရား)၊ ကံမှ မရှိဘဲနဲ့ နောက်ခန္ဓာဇာတိ ဇရာ မရဏတွေ ပေါ်နိုင်သေးရဲ့လား . . . (မပေါ်နိုင်ပါဘုရား)။

## သေနည်း၊ ဘယ်နည်းအကောင်းဆုံးတုံး

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးကဟောတာက သေနည်း ဘယ်နည်းအကောင်းဆုံးတုံးလို့ မေးတဲ့အခါကျတော့ ဤခန္ဓာမနှစ်သက် နောက်ခန္ဓာမတောင့်တ ဒီသေနည်းအကောင်းဆုံးပဲလို့ ဟောတာကို ဦးလှဖူးတို့က အကဲခတ်၊ ဝိပဿနာမရှုတဲ့ပုဂ္ဂိုလ်မှာ ဒီဉာဏ်ကိုမရောက် . . . (မှန်ပါ့)၊ မရောက်တော့ ဒီခန္ဓာပဲ ခင်နေရတယ် . . . (မှန်ပါ့) နောက်ခန္ဓာလည်း တောင့်တတာပဲ။ ဤခန္ဓာလည်း . . . (ခင်တွယ်ပါတယ်)။

ဒါဖြင့် အလုပ်မပါတဲ့ပုဂ္ဂိုလ်မှာ သေနည်းကောင်းကို ဟောပြောသော်လည်း ဦးဘအုန်း သူ့မှာ ဉာဏ်ရောက်ပါ့မလား (မရောက်ပါဘုရား)။

## အသက်အရှယ်တွေလည်းကြီးကုန်ကြပြီ

ကြပ်ကြပ်စဉ်းစားပါ ဒကာ ဒကာမတို့ အသက်အရွယ် တွေလည်း ကြီးကုန်ကြပြီ။ ဒီအလုပ်တရားမှ မပါတော့ပါဘူးဆိုလို့ ရှိရင်လည်း ဒီ့ထက်ကိုယ်ကျိုးနည်းမယ်။

ဒါ့ကြောင့် ငါတို့သည်ကားလို့ဆိုရင်ဖြင့် စုံလုံးကန်း မသာတော့ အချမခံတော့ပါဘူး ဟ. . . ဒီခန္ဓာ၏အကြောင်း ကောင်းကောင်းမသိရင် စုံလုံးကန်းမသာကိုးဗျ . . . (မှန်ပါ့)။

ဘယ်လိုဆုံးဖြစ်ချက်ချမယ် . . . (စုံလုံးကန်း မသာပါ ဘုရား)၊ စုံလုံးကန်းမသာဆိုတော့ ဒကာ ဒကာမတို့ အင်မတန် ကျက်သရေယုတ်ပါတယ်. . . (မှန်ပါ့)၊ မယုတ်ဘူးလား. . . (ယုတ်ပါတယ်ဘုရား)။

ဒါ ခင်ဗျားတို့ချင်း စဉ်းစားကြည့်ပါ ဒကာ ဒကာမတို့၊ ကိုယ့်မှာ ဒုက္ခသစ္စာ၊ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခတွေမသိဘဲနဲ့ သေသွား တဲ့ပုဂ္ဂိုလ်ဟာ ခန္ဓာနဲ့သာ အတူနေတယ်၊ ခန္ဓာအကြောင်း သူ သိရဲ့လား. . . (မသိပါဘုရား)၊ မသိတော့ သူ့ကို စုံလုံးကန်းလို့ နာမည်ပေးရတယ် . . . (မှန်ပါ့)၊ သူက အသက်ရှင်နေတာဟာ စုံလုံးကန်းရှင်နေတာ . . . (မှန်ပါ့)၊ သေသွားတော့ စုံလုံးကန်း မသာဘဲဖြစ်ရမယ် . . . (မှန်ပါ့)။

ရှင်တုန်းကလည်း စုံလုံးကန်း၊ သေသွားတော့လည်း (စုံလုံးကန်းပါဘုရား)၊ စုံလုံးကန်းမသာဖြစ်ရတော့ ဩော်-

အမှောင်ထဲကလာပြီး အမှောင်ထဲသွားလေရဲ့ . . . (မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမလဲ . . . (အမှောင်ထဲကလာပြီး အမှောင်ထဲသွားပါတယ်ဘုရား)။

## အမှောင်ထဲပဲသေလေရဲ့

အမှောင်ထဲကလာပြီး အမှောင်ထဲပဲ နေလေရဲ့၊ အမှောင်ထဲပဲ သေလေရဲ့၊ အမှောင်ထဲပဲ လမ်းလျှောက်ဦးမှာပဲ ဆိုတော့ အပါယ်လေးပါးချောက်တွေဟာ သူကျစရာ ဖြစ်နေတယ်. . . (မှန်ပါ့ဘုရား)၊ ဘာ့ကြောင့် တုံးလို့မေးတော့ စုံလုံးကန်းသေသွားတာကိုးဗျ . . . (မှန်ပါ့)၊ စုံလုံးကန်းသေသွားတော့ ဟိုဘက် ခန္ဓာဖြစ်တော့ ငရဲခန္ဓာချောက်ထဲ သူကျချင်ကျ၊ တိရစ္ဆာန် ခန္ဓာချောက်ထဲကော . . . (ကျချင်ကျမှာပါဘုရား)။

ဟာ . . . ဘယ့်နှယ်ကြောင့် ဟိုချောက်ကျ ဒီချောက်ကျ ကျပါလိမ့်မတုံးမေးတော့ ဘယ့်နှယ်ဖြေကြမလဲ . . . (စုံလုံးကန်းသေသွားလို့ပါ)၊ ဒကာကြွယ် ဘယ်သူသေသွားတာတုံး (စုံလုံးကန်းသေသွားတာပါဘုရား)၊ တယ်ကြောက်စရာကောင်းပါလား . . . (ကောင်းပါတယ်ဘုရား)။

## အလုပ်မပါရင်မရပါဘူး

ဒါ့ကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို ကိုယ့်ခန္ဓာအကြောင်း ကိုယ်မသိဘဲ နေခဲ့သော် ဤခန္ဓာမခင်တွယ်

နောက်ခန္ဓာ မတောင့်တဘဲနဲ့ သေနည်းအကောင်းဆုံးလို့ အာပေါက်အောင် ဟောသော်လည်း ခင်ဗျားတို့ မရပါဘူး. . . (မှန်ပါ့)၊ အလုပ်မပါရင် (မရပါဘုရား)၊ သဘောပါကြပလား (ပါ, ပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတို့ ဤခန္ဓာသည်ကားလို့ဆိုရင် ဖြစ်ပေါ်လာတာလည်း ဘာသစ္စာ. . . (ဒုက္ခသစ္စာပါ)၊ ပျက်သွားတာလည်း. . . (ဒုက္ခသစ္စာပါ)။

ဥပမာမယ့် ဒကာ ဒကာမတို့ စားချင်တဲ့စိတ်ကလေး ပေါ်လာတာကော . . . (ဒုက္ခသစ္စာပါ)၊ စားချင်တဲ့စိတ်ကလေး ဟာ မစားဘဲနဲ့ သေသွားရင်ကော . . . (ဒုက္ခသစ္စာပါ)၊ အိပ်ချင်တဲ့စိတ်ကလေး ပေါ်လာတာကော . . . (ဒုက္ခသစ္စာပါ)၊ မအိပ်ရဘဲနဲ့ သေသွားတာကော . . . (ဒုက္ခသစ္စာပါ)။

အိပ်ချင်တဲ့စိတ်လာရင် အိပ်ရတယ်ထင်ကြရဲ့လား . . . (မထင်ပါဘုရား)၊ မထင်နဲ့၊ ခင်ဗျားတို့ အိပ်ချင်တဲ့စိတ်ဟာ ဘယ်နည်းနဲ့မှ မအိပ်ရဘူး . . . (မှန်ပါ့)၊ သူက အိပ်စိတ်မှ မဟုတ်ဘဲ၊ အိပ်ချင်တဲ့စိတ်သာဖြစ်တာ . . . (မှန်ပါ့) အိပ်စိတ်က ဘဝင်စိတ်ကိုဗျ . . . (မှန်ပါ့)၊ အိပ်ချင်တဲ့စိတ်က ထိနမိဒ္ဓ စတဲ့ စိတ်တွေကိုး . . . (မှန်ပါ့)။

ဒါဖြင့် အိပ်ချင်တဲ့စိတ် အိပ်ရရဲ့လား . . . (မအိပ်ရပါဘုရား)၊ မအိပ်ရဘဲနဲ့ ဘာဖြစ်သွားသတုံး . . . (ပျက်သွားပါ

တယ်)၊ ပျက်စီးသွားတာ မသေချာဘူးလား . . . (သေချာပါ တယ်ဘုရား)၊ ဒါဖြင့် ဩော် . . . အိပ်ချင်လျက်နဲ့ မအိပ်ရတဲ့ ဒုက္ခနဲ့ သေသွားလေရဲ့ . . . (မှန်ပါ့)။

စားချင်တဲ့စိတ်ကကော စားရရဲ့လား . . . (မစားရပါ ဘုရား)၊ စားချင်လျက်နဲ့ မစားရဘဲနဲ့ အငတ်သေသွားလေရဲ့ . . . (မှန်ပါ့)၊ သဘောကျပလား (ကျပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ ကျုပ်တို့ တစ်သက်လုံးနေရတာသည် ကား ကိုယ့်အလိုကြိုက်၊ ကိုယ့်အလိုက်၊ ကိုယ့်စရိုက်နဲ့ ကိုက်တာ များ ခန္ဓာကိုယ်ထဲ တစ်ခုပါသေးရဲ့လား . . . (မပါ, ပါဘုရား) သဘောပါပလား . . . (ပါ,ပါပြီ)၊ ဘာတွေသာ စက်ရဟတ် ကြီး လှည့်နေပါလိမ့် . . . (မှန်ပါ့)၊ ဒုက္ခစက်ကြီး လှည့်နေပါတယ် ဆိုတာ သေချာပလား . . . (သေချာပါပြီ)။

အဲဒါကြောင့် ရှင်သာရိပုတ္တရာကလည်း ဟောလိုက် တယ်၊ ပရိဗ္ဗိဇ်ရဟန်းက မေးလို့ အရှင်ဘုရား သုခနဲ့ ဒုက္ခ ရှင်းရှင်း ပြောစမ်းပါ။ အို . . . နောက်ခန္ဓာမရရင် သုခကွ၊ နောက်ခန္ဓာရရင် . . . (ဒုက္ခပါဘုရား) ရှင်းပလား . . . (ရှင်းပါပြီ)။

အဲ ဒီခန္ဓာပြီး နောက်ခန္ဓာရရင် ဒုက္ခဆိုတာက ဒီခန္ဓာ ဒုက္ခမသိတဲ့ ပုဂ္ဂိုလ်မှ နောက်ခန္ဓာရတယ် . . . (မှန်ပါ့) ဒီခန္ဓာ ဒုက္ခသိတဲ့ပုဂ္ဂိုလ်က . . . (နောက်ခန္ဓာ မရပါဘုရား)။

## ဒုက္ခချုပ်တာ နိရောဓသစ္စာ

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဤခန္ဓာသည် ဖြစ်ဒုက္ခ ပျက်ဒုက္ခပဲလို့ သေသေချာချာသိတဲ့အခါကျတော့ ဖြစ်ဒုက္ခ ပျက်ဒုက္ခတွေက ချုပ်မသွားပေဘူးလား . . . (ချုပ်သွားပါတယ်)၊ ချုပ်သွားတော့ လူပျောက်သွားတာလား၊ ဒကာ ဒကာမတို့ ဒုက္ခချုပ်သွားတာလား . . . (ဒုက္ခချုပ်သွားတာပါ)၊ ဒုက္ခချုပ်တာဘာသစ္စာခေါ်ကြမယ် . . . (နိရောဓသစ္စာပါ)၊ ကိုယ့်ဒုက္ခချုပ်သွားတာ ကိုယ်သိတာက ဘာသစ္စာခေါ်ကြမယ် (မဂ္ဂသစ္စာပါဘုရား)။

## သမုဒယသစ္စာသေတာ

ဒါဖြင့် ဒီဒုက္ခချုပ်သွားတော့ နောက်ဒုက္ခမတောင့်တဘူးတဲ့။ တောင့်တတဲ့တရားကော ရှိသေးရဲ့လား . . . (မရှိပါဘုရား) အဲဒါက သမုဒယသစ္စာသေတာ . . . (မှန်ပါ့)။

တောင့်တတဲ့တရားမရှိတာက . . . (သမုဒယသစ္စာသေတာပါ)၊ တောင့်တတဲ့တရားမရှိရင် စွဲလန်းတဲ့တရားလည်း မရှိ။ စွဲလန်းတဲ့တရားမရှိသောကြောင့် အားထုတ်တဲ့တရားကော . . . (မရှိပါဘုရား)၊ အဲဒါတွေ မရှိတာကတော့ သမုဒယချုပ်တာ . . . (မှန်ပါ့)၊ တဏှာဥပါဒါန်ကံချုပ်တာပေါ့ဗျာ . . . (မှန်ပါ့)၊ ရှင်းကြပလား . . . (ရှင်းပါပြီ)။

## သုခနိဗ္ဗာန်

တဏှာဥပါဒါန် ကံချုပ်တဲ့အခါကျတော့ ကံလဲချုပ်ပေါ့ ဒကာ ဒကာမတို့ ကုသလာကုသလံဇဟံဆိုတဲ့အတိုင်း ကုသိုလ်-အကုသိုလ်စွန့်တဲ့ပုဂ္ဂိုလ်ဟာ ဘယ်နေရာ ပဋိသန္ဓေနေတယ်လို့ ကြားသေးသလား . . . (မကြားပါဘုရား)၊ မကြားတော့ကို နောက်ခန္ဓာ လာသေးရဲ့လား . . . (မလာပါဘုရား)၊ ဒါဖြင့် ဒီပုဂ္ဂိုလ် ဘယ်ကြွသွားပါလိမ့်မတုံးလို့ မေးဖို့မလိုဘူးလား . . . (လိုပါတယ်)၊ နောက်ခန္ဓာမနေရတာ သုခလို့ ရှင်သာရိပုတ္တရာက မဟောဘူးလား . . . (ဟောပါတယ်)၊ ဩော် . . . သုခနိဗ္ဗာန်သို့ ကြွသွားပြီလို့ မဆိုထိုက်ဘူးလား . . . (ဆိုထိုက်ပါတယ်)။

## သေနည်းအကောင်းဆုံး

အဲဒါကြောင့် ဒကာ ဒကာမတို့ ဒီနေ့သည် ဉပရိပဏ္ဏာသပါဠိတော်မှာ သေနည်းအကောင်းဆုံးကိုလည်း ဘုရားက ဟောတယ် . . . (မှန်ပါ့)၊ အင်္ဂုတ္တိုရ်၌ သုခနဲ့ဒုက္ခ ရှင်းရှင်း ဟောစမ်းပါဦးဆိုလို့ ပရိဗိုဇ်ကမေးလို့ဟောတဲ့တရား . . . (မှန်ပါ့)၊ နှစ်ကျမ်းတွဲပြီးသကာလအလုပ်တရားနဲ့ တွဲပြသော ကြောင့် ခင်ဗျားတို့သည် ကိုယ့်ခန္ဓာဖြစ်တာလည်း ဒုက္ခသစ္စာရှုပါ၊ ပျက်တာလည်း . . . (ဒုက္ခသစ္စာရှုရပါမယ်)၊ ပေါ်လာတဲ့ ဓမ္မကလေး ဘာသစ္စာရှုမလဲ. . . (ဒုက္ခသစ္စာပါ)၊ ပျက်သွားရင်ကော . . . (ဒုက္ခသစ္စာပါ)။

အဲဒီလိုချည့်ရှုနေလို့ရှိရင် ဒုက္ခမြင် မလာပေဘူးလား . . (လာပါတယ်)၊ ဒုက္ခမြင်ရင် ယထာဘူတဉာဏ်၊ ဒုက္ခမှုန်းရင်. . . (နိဗ္ဗိန္ဒဉာဏ်ပါ)၊ ဒီဒုက္ခမလိုချင်လို့ဆုံးရင် . . . (မဂ်ဉာဏ်ပါ)၊ အေး မဂ်ဉာဏ်. . . (မှန်ပါ့)။

## နောက်ခန္ဓာမလာတာနိရောဓသစ္စာ

ဒါဖြင့် ဝိပဿနာမဂ်က နှစ်ဉာဏ် . . . (မှန်ပါ့)၊ လောကုတ္တရာမဂ်က . . (တစ်ဉာဏ်ပါဘုရား)၊ အဲဒါသာရလို့ရှိရင် ခင်ဗျားတို့ နောက်ခန္ဓာမလာဘူး၊ ငါတော့ဖြင့် အေးပေါ့ဆိုတာ သေသေချာချာမှတ်ပါ. . . (မှန်ပါ့)၊ နောက်ခန္ဓာမလာတာ နိရောဓသစ္စာ . . . (မှန်ပါ့)။

အဲဒီ နိရောဓသစ္စာဖြစ်ပုံကို နက်ဖြန်မှ သေသေချာချာရှင်းပြမယ် . . . (မှန်ပါ့)။

ကဲ . . . ယနေ့ နာရီစေ့ပြီ၊ တော်ကြစို့ . . . ။
သာဓု . . . သာဓု . . . သာဓု . . . ။